# ကမ္ဘာ့ သရဲ တစ္ဆေ ဝတ္ထုတိုများ

**min khaiko soe san**

မင်းခိုက်စိုးစန်



# ရုပ်ရှင်

A little place off the Edgware Road (Graham Green)

နွေရာသီမိုးက ပါးပါးကလေး ဖွဲဖွဲရွာရွာသွန်းနေ၏ ။ မိုးရေစက်တွေ ထဲတွင် ကရာဗင်သည် သူရဲကောင်း အာဒိလိရုပ်တုနံဘေးမှ ဖြတ်လျှောက်ခဲ့သည်။ လမ်းမီးတွေ ထွန်းပြီးစအချိန်သာ ရှိ သေးသည်။ ကျောက်ဖြူသားမုခ်ဦးဆီသွားရာ လမ်းတစ်လျှောက်မှာ ကားတွေ စီတန်းလျက် ရှိနေ ကြသည်။ လေ့လာရေး ခရီးတစ်လျှောက်မှာ တွေ ့သမျှကို စိတ်ဝင်စားပစ်လိုက်ဖို့ရန် အဆင်သင့် ပြင်ဆင်ထားသော အာရုံနိုးကြား ပြင်းပြနေသည့် မျက်နှာတွေ ကိုလည်း မြင်ရသည်။

ကရာဗင်သည် မိုးကာအင်္ကျီကော်လာကို တင်းတင်းဆွဲစေ့လိုက်ရင်း စိတ်ထဲမှာ ခါးသီးပြင်း စွာ ဖြင့် ဆက်လျှောက်လာခဲ့၏ ။ ဒီနေ့သည် သူ့အတွက်တော့ ဆိုးရွားလှသော နေ့တစ်နေ့ပင် ဖြစ် လေသည်။

ပန်းခြံအတိုင်း လမ်းတစ်လျှောက် သူဆက်လျှောက်လာရင်း ရင်ထဲမှာ တနုံ့နုံ့ ဖြစ်နေ၏ ။ အချစ်ကို လိုချင်ရင် ပိုက်ဆံရှိမှ ဖြစ်မတဲ့လား။ ဟောဒီကောင်ငမွဲအဖို့ ကတော့ ပြင်းထန်အုံ့ကြွနေတဲ့ နှလုံးသားတစ်ခုသာ ပိုင်ဆိုင်လေရဲ့ ။ အချစ်ကို ရယူပိုင်ဆိုင်နိုင်ဖို့ဆိုလျှင် ဝတ်စုံအကောင်းစား တစ်စုံလိုသည်။ မော်တော် ကား တစ်စင်းလိုသည်။ တစ်နေရာရာမှာ အိပ်ခန်းတစ်ခန်းလိုသည်။ သို့ မဟုတ် ဟိုတယ်ကောင်းကောင်းတစ်ခုလိုသည်။ အဲဒါကို ဆယ်လိုဖိန်းစက္ကူစနဲ့ ထုပ်ပိုးထားဖို့လည်း လိုအပ်မှာ ပေါ့။

သူ့မိုးကာအင်္ကျီအောက်မှာ ကြိုးတစ်ချောင်းလို တင်းနေသည်ကို တစ်ချိန်လုံး သူသတိထား နေမိခဲ့သည်။ ပြီးတော့ ပွန်းရိစုတ်ပြဲနေတဲ့ အင်္ကျီလက်တွေ ကိုရောပေါ့။

သူ့ခန္ဓာကိုယ် အတ္တဘောကြီးကို သူစက်ဆုပ်မုန်းတီးသော အရာဝတ္ထု ကြီးတစ်ခုလို သယ်ပိုး ယူဆောင်လာခဲ့သည်။

(ဗြိတိသျှပြတိုက် စာဖတ်ခန်းထဲမှာ တုန်း ကတော့

စိတ်ချမ်းမြေ့စရာအကောင်းသား၊ ဒါပေ မဲ့ ဟောဒီခန္ဓာကိုယ်ကြီးက သူ့ကို အိမ်ပြန်ခေါ်လာခဲ့တာပါ)

သူ၏ တစ်ခုတည်းသော ခံစားချက် ကတော့ ပျင်းရိငြီးငွေ့ခြင်းပင် ဖြစ်၏ ။ ပန်းခြံထိုင်ခုံတွေ ပေါ်က အရုပ်ဆိုး အကျည်းတန်လှသော အ ဖြစ်များ အကြောင်း သတိရနေသည်ကို ငြီးငွေ့လှပါပြီ။ လူတွေ ပြောပြောနေကြပုံက ခန္ဓာကိုယ်ကြီးကပဲ သေဆုံးတာ စောလွန်းသလိုလို ကရာဇင်အတွက် တော့ အဲသည်ကိစ္စသည် စိုးရိမ်လောက်စရာ ဒုက္ခတစ်ခု မဟုတ်ပါ။ လုံးဝမဟုတ်ပါ။

သူ့ခန္ဓာကိုယ်ကြီးက အသက်ရှင်မှု ကို ထုပ်သိမ်းထားဆဲပင် ရှိသေး၏ ။ ရွှေခြည်လက်ပသော မိုးရေစက်တွေ ကြားမှာ ဖြတ်ကာ ပန်းခြံအတွင် းရှိ စကားပြောစင်မြင့်ရှိရာဆီ သူလျှောက်လာခဲ့သည်။ တံခွန်အလံတစ်လက်ကို သယ်ဆောင်လာသော ဝတ်စုံအနက်နှင့် လူခပ်ညှက်ညှက် တစ်ယောက် ဘေးမှ ဖြတ်လျှောက်လာခဲ့သည်။

“သေဆုံးသွားပြီးတဲ့ ခန္ဓာကိုယ်တွေ ဟာ တစ်ဖန်ရှင်သန် နိုးထကြလိမ့်မယ်”

အိပ်မက်တစ်ခုကို သူပြန်သတိရလာသည်။ သုံးကြိမ်တိတိ သူလန့်နိုးခဲ့ရသော အိပ်မက်ပင် ဖြစ်၏ ။ ထိုအိပ်မက်ထဲတွင် ကမ္ဘာကြီး၏ မြေလွှာအောက်ကြီးမားမည် းမှော င်သော တွင် းထဲ၌ သူ တစ်ယောက် တည်းရှိနေခဲ့သည်။ မြေကြီးအောက်တွင် သင်္ချိုင်းမသာ ကျင်းများ သည်။ တစ်ကျင်းနှင့် တစ်ကျင်း ဆက်နေကြ၏ ။ သေဆုံးပြီးသူများ ဘက်ကနေ ကြည့်မည် ဆိုလျှင်တော့ ကမ္ဘာမြေသား လုံးလုံးကြီးသည် သူတို့အတွက် ပျားအုံကြီး တစ်အုံပင် ဖြစ်သည်။

အိပ်မက်တိုင်းမှာ ကြောက်စရာကောင်းသော အချက်တစ်ခို သူသိလာရသည်။ ယင်းမှာ အလောင်းကောင်ခန္ဓာကိုယ်ကြီး ပုပ်သိုးဆွေးမြည့် ပျက်ဆီးသွားမှု မရှိခြင်းပင် ဖြစ်၏ ။ တီကောင်တွေ လည်းရှိမနေပါ။ ကြွပျက်ပြီး ဆုံးခန်းတိုင်သွားခြင်းလည်း မရှိပါ။

မြေသားထုအောက်တွင် ကမ္ဘာကြီးသည် အမှိုက်ပုံကြီး တစ်ပုံလို ဖြစ်နေ၏ ။

ရှင်သန်ထ မြောက်ဖို့ တမျှော်မျှော် အသင့်ပြင်ဆင်ထားကြတဲ့ အသားတုံးကြီးတွေ သွေးပြည်တရွှဲရွှဲ ဖူးပွ ရောင် ကိုင်းပဲ့ရွဲ့နေတဲ့ အလောင်းကောင်ခန္ဓာကိုယ်ကြီးတွေ နဲ့ ပြည့်သိပ်နေတဲ့ အမှိုက်ပုံကြီးပါပဲ။ သူနိုးလာသည့်အခါ အိပ်ရာပေါ်တင်လဲ့ရင်း ခန္ဓာကိုယ်ဆိုသည့် အရာကြီးတစ်ခုလုံး ပျက်သုဉ်းသွား ပြီးသည့်နောက်မှာ ကြီးကျယ်ခမ်းနားလှသော ပျော်ရွှင်မှု သတင်းကောင်းကြားရသကဲ့သို့ အမှတ် ထင်ထင်ရှိနေခဲ့ဖူးလေသည်။

အက်ဝဲလမ်းထဲသို့ သူခပ်သုတ်သုတ်ကလေး လျှောက်သွားလိုက်သည်။ နှစ် ယောက် တစ်တွဲ ပတ္တရောင် လှည့်သူတွေ လမ်းပေါ်ထွက်လာကြပြီ။

အင်မတန်ခွန်းအားနည်းလှတဲ့ ရှည်မျောမျောသတ္တဝါ ကောင်တွေ ပေ့ါ။ ခပ်ကျပ်ကျပ်ဘောင်း ဘီရှည်များ ဝတ်ထားကြသည့်သူတို့ ခန္ဓာကိုယ်များ သည် တီကောင်များ နှင့် တူနေ၏ ။ အဲသည် ငတိ တွေ ကို သူမုန်းတီးသည်။ နောက်ပြီး ထိုမုန်းတီးမှု ကို သူ့ဘာသာသူ ပြန်မုန်းတီးလေသည်။ အဘယ့် ကြောင့် ဆိုသော် ယင်းကိစ္စသည် သူ၏ မနာလိုစိတ်သာ ဖြစ်ကြောင်း သူသိနေသော ကြောင့် ပင် ဖြစ် ၏ ။

သူတို့ထဲက လူတိုင်းလူတိုင်းသည် သူ့ထက်ပိုကောင်းသော ခန္ဓာကိုယ်တစ်ခုစီပိုင်ဆိုင်ထား ကြသည်ချည်းပင် ဖြစ်သည်။ သူ ကတော့.. သူ့အစာအိမ်သည် အစာမကြေမှု ကြောင့် ခေါက်ရိုးကျိုး နေ၏ ။ သူ့ပါးစပ်မှ အာပုပ်စော်လည်း နံနေမှာ သေချာသည်ဟု ခံစားရ၏ ။ ဒါပေမဲ့ အဲဒါ။ သူ... ဘယ် သူ့ကိုဘာသွားပြောရမှာ လဲ?

တစ်ခါတစ်လေ.. သူ့ခန္ဓာကိုယ်ကြီးသံသယဖြင့် သူပြန်ပြီး ဟိုနားတို့ကြည့် ဒီနားထိကြည့် ပုန်းလျှိုးကွယ်လျှိုး လုပ်ကြည့်သည်။ သူ၏ အရုပ်အဆိုးဆုံးလျှို့ ဝှက်ချက်များ ထဲမှ တစ်ခု ဖြစ်လေ သည်။

သူမေ့လျော့ပစ်ထားချင်သော ဟောဒီခန္ဓာကိုကြီးကို ပြန်လည်ရှင်သန်ထမြောက်အောင် လုပ်ဖို့ကိစ္စမှာ သက်ဝင်ယုံကြည်မှု ရှိရဲ့ လား.. လို့လား မမေးကြစမ်းပါနဲ့။ တစ်ခါတစ်လေမှာ ည ဘက်များ တွင် သူဆုတောင်းဖူးသည်။

(ဘာသာရေး ဆိုင်ရာ သက်ဝင်ယုံကြည်မှု တစ်စွန်းတစ်စသည် သစ်သီးပမာ တစ်လုံးထဲက ပိုးလောက်တစ်ကောင်လိုမျိုး သူ့ရင်အုံထဲတွင် ခိုအောင်းနေပုံရ၏ ။)

သူ့ဆုတောင်းက

"ဘယ်လိုအကြောင်းနဲ့မှ တပည့်တော် ၏ ခန္ဓာကိုယ်ရှသန်ထမြောက်ခြင်း မရှိပါရစေနဲ့ ဘုရား"

အက်ဝဲလမ်းမကြီး ဘေးတစ်လျှောက်ရှိ လမ်းမြော င်ကလေးတွေ အားလုံးကို သူကောင်း ကောင်း နှံ့စပ်သိကျွမ်းသည်။ စိတ်လိုသည့်အခါမျိုးဆိုလျှင် ရည်ရွယ်ချက်မည် မည်ရရ မရှိဘဲ အဲ သည်လမ်းတွေ အပေါ်မှာ လူလမ်းလျှောက်လေ့ရှိ၏ ။ ဆိုင်ပြတင်းပေါက်မှန်များ ပေါ် ထင်ဟပ်နေ သော သူ့ပုံရိပ်ကို စွေစောင်းစောင်းကြည့်ရင်း မောပန်းလာသည်အထိ သူလမ်းလျှောက်တတ် သည်။

ထို့ကြောင့် ကူလပ်ပါးလမ်းရှိ အသုံးမပြုတော့ဘဲစွန့်ပစ်ထားသော ပြဇာတ်ရုံ အပြင်ဝတွင် ပို စတာများ ချိတ်ဆွဲထားသည်ကို သူ့ ချက်ချင်း သတိထားမိသွားခြင်း ဖြစ်၏ ။ ဒါ... လုပ်ရိုးလုပ်စဉ်မှ မ ဟုတ်ဘဲ။ ရုံဖန်ရုံခါဆိုသလိုတော့ သည်ပြဇာတ်ရုံဟောင်းကြီးကို တာကလေဘဏ်ပြဇာတ်အဖွဲ့မှ တစ်ညနေလောက် ငှားရမ်းခြင်းမျိုး ရှိတတ်သည်။ သို့မဟုတ်လျှင်လည်း ရုပ်ရှင်ကားဟောင်း အစုတ်အပြတ်တွေ ကြည့်ချင်ပွဲပြဖို့ ငှားတတ်သည်။

သည်ပြဇာတ်ရုံကို ၁၉၃၀ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်း ဖြစ်၏ ။ ပြဇာတ်ရုံအများ အပြား စည်စည်ကားကားရှိရာ နေရာ၏ အပြင်ဘက် တစ်မိုင်လောက် ဝေးနေသော ကြောင့် ပရိသတ်များ များ စားစားရဖို့ရန် အကွက်အကွင်းမကျယ်လှသည့်တိုင် နေရာက အကောင်းဘက်က လှည့်တွက် သူ တစ်ယောက် ယောက် တည်ဆောက်ခဲ့ခြင်း ဖြစ်ပုံရ၏ ။ သို့သော် .... ဘယ်ပြဇာတ်မှအောင်မြင်ခဲ့ဖူး သည် မရှိပါ။ နောက်တော့.... ဇာတ်ရုံတစ်ခုလုံးသည် ကြွက်တွင် းများ၊ ပင့်ကူအိမ်များ ဖြင့် သာ ကျန် ရစ်ခဲ့တော့သည်။ အပျော်တမ်း တူရိယာသမားတွေ ရသေ့စိတ်ဖြေသုံးဖို့လောက်...ကြည့်ချင်တဲ့ ပွဲ ကလေးတွေ ပြဖို့လောက် ဇာတ်ရုံအ ဖြစ်သဘောသာရှိ၏ ။

ကရာဗင်က ရပ်ပြီးပိုစတာကို ဖတ်ကြည့်လိုက်၏ ။ ဩဒ်ဴ ၁၉၃၉ ခုနှစ်ရောက်နေတဲ့ ခုချိန်အ ထိ အကောင်းမြင်ဝါဒီတွေ ပေါ်ထွန်းလာသေးသကိုး၊ "အသံတိတ်ရုပ်ရှင်ဂေဟာ" ဒီဇာတ်ကားမျိုး ကနေပြီး ပိုက်ဆံဝင်မယ်လို့ အောက်မေ့တာ ကတော့ တော် တော် တုံးတဲ့ အကောင်းမြင်သမားပဲ ဖြစ် မှာ ပါ။ ဘာတဲ့ "ခေတ်ဟောင်းရုပ်ရှင်မြတ်နိုးသူများ ၏ ပထမအကြိမ် တင်ဆက်မှု ..တဲ့။ အေးပေ့ါ လေ "ဒုတိယအကြိမ်" ရှိလာမှာ မှ မဟုတ်တာ။

အင်း.. ထိုင်ခုံလက်မှတ်ခ ကတော့ ဈေးပေါမှာ ပ။ သူလမ်းလျှောက်ရည်သည်မှာ ပင်ပန်းလှ ပြီ၊ မိုးလွတ်ရာမှာ လည်း ခိုချင်သေး၏ ။ ဒီအတွက်... တစ်သျှီးလင်လောက်တော့ တန်ကောင်းပါရဲ့ ။ သူလက်မှတ်ဝယ်ပြီး မှော င်မည်း နေသည့် ရုံထဲဝင်ခဲ့၏ ။

အသက်ကင်းမဲ့သော အမှော င်ထဲတွင် စန္ဒရားသံက အနိမ့်အမြင့်မရှိ။ ငြီးငွေ့ဖွယ် မြည် နေ ၏ ။ လမ်းဘက်ကျကျခုံတွင် သူဝင်ထိုင်လိုက်သည်။ ချက်ချင်း ဆိုသလိုပင် သူ့ပတ်ပတ်လည်မှာ လူ တစ်ယောက် မှ မရှိသည့် အ ဖြစ်ကို သူသတိထားမိသွား၏ ။

ဟုတ်နေရှင်ပြီ..ဒုတိယအကြိမ် စီစဉ်တင်ဆက်မှု ဆိုတာတော့ မရှိနိုင်တော့ဘူးပေ့ါ။ ပိတ် ကားပေါ်တွင် နန်းဝတ်နန်းစား ဝတ်ဆင်ထားသည့် မိန်းမကြီး တစ်ယောက် က စိတ်နှလုံးညှိုးနွမ်းနေ သည့် အမူအရာဖြင့် လက်ဖဝါးချင်းဆုပ်ခြေနယ်နေ၏ ။ နောက် သလွန်ညောင်စောင်းရှိရာဆီ ယိုင် တိယိုင်ထိုးဖြင့် သွားပြီး ထိုင်ချလိုက်သည်။ အဲသည်မှာ သိုးထိန်းခွေးတစ်ကောင်လို ထိုင်ရင်းဖရိုဖရဲ ဖြစ်နေသော အနက်ရောင် ဆံနွယ်မျှင်စတွေ ကြားကနေ အဝေးကို ငေးမောကြည့်နေ၏ ။ တစ်ချက် တစ်ချက်တော့ တုန်ယင်မှု နှံဝါးနေသော ဖလင်ကော်ပြားပေါ်မှ အစက် အပြောက်တွေ ကြောင့် အရုပ်က ပျောက်ပျောက်သွား၏ ။ အသံတိတ် ရုပ်ရှင်ကား ဖြစ်သော ကြောင့် စာတန်းက ထိုးလာ သည်။

"ချစ်သူ ဩဂတ်စတပ်၏ သစ္စာဖောက်ခြင်းကို ခံရသော ပွန်ပီလီယာ တစ်ယောက် သူမ၏ ဒုက္ခဝေဒနာကို အဆုံးသတ် ပစ်လိုက်ဖို့ တွေ းနေသည်။"

အမှော င်ထဲမှာ ကျင့်သားရပြီ ဖြစ်သော ကြောင့် ကရာဗင်မျက်လုံးက

ခုံးတန်းတွေ ကို မြင်နိုင် စပြုလာ၏ ။ ရုပ်ရှင်ကြည့် ပရိသတ်က အယောက် နှစ် ဆယ်ပင် မပြည့်။ စုံတွဲ အချို့က ခေါင်းချင်းဆိုင် မီကာ စကားတွတ်ထိုးနေကြသည်။ တစ်ကိုယ်တည်း သမားတွေ လည်းရှိ၏ ။ သူ့လိုပင်အပေါစား မိုးကာအင်္ကျီလောက်သာ ဝတ်ထားနိုင်ကြသူများ ဖြစ်နေ၏ ။

အဲသည်လူတွေ ထိုင်ခုံပေါ် လှဲမှီနေကြပုံမှာ အလောင်းကောင်များ နှင့် တူနေသည်။ ကရာဗင် ၏ စိတ္တဇအစွဲက ပြန်ပေါ်လာ၏ ။ သွားကိုက်သလိုမျိုး ကိုက်ခဲနာကျင်စေတဲ့ ကြောက်ရွံ့စိတ်ပေါ့။ သူ စိတ်မချမ်းမြေ့စွာ တွေ းလိုက်မိသည်။

ငါရူးတော့မယ်။ အဲသည်လိုမျိုး တခြားလူတွေ က ခံမှ မခံစားကြတာ..။ စွန့်ပစ်ခံထားရသော ဇာတ်ရုကြီး၏ အနေအထားက ရှင်သန်ထမြောက်ဖို့ စောင့်ဆိုင်းနေသော အလောင်းကောင်ခန္ဓာ ကိုယ်များ လဲလျောင်းရာ အဆုံးမရှိရှည်လျားမည် းမှော င်နေသည့် မြေတွင် းလိုဏ်ခေါင်းတွေ လို ပို သတိရစေလေသည်။

"ဩဂတ်စတပ်က ပိုင်အရက် ထပ်ယူလာရန် အစေခံကို ငေါက်ငမ်းစေလိုက်သည်"

သက်လတ်ပိုင်းအရွယ်ရှိ ကျူတန်ရုပ်ရှင်သရုပ်ဆောင် တစ်ယောက် က မိန်းမကြီးတစ် ယောက် ကို ပွေ့ဖက်လဲလျောင်းနေပုံ ဖျတ်ခနဲပေါ်လာပြန်၏ ။ နွေဦးပေါက်ရာသီဘွဲ့သီချင်းသံက မဆီမဆိုင် ကြောင်တက်တက် ထွက်ပေါ်လာသည်။ ရုပ်ရှင်ပိတ်ကားမြင်ကွင်းက အစာမကြေသည့် နယ် တဖျတ်ဖျတ် ဖြစ်သွား၏ ။

အမှော င်ထဲတွင် သူ ထိုင်နေရာခုံတန်းအတိုင်း တစ်ယောက် ယောက် လာနေသည်ဟု ခံစား သိဖြင့် သိလာသည်။ ထိုလူက သူ့ဒူးခေါင်းကို ပွတ်တိုက်သွား၏ ။

ခပ်သေးသေးညှက်ညှက် လူ တစ်ယောက် ။

ထိုလူ့ပါးစပ်ကို ပွတ်တိုက်နေသည့် မုတ်ဆိတ်မွှေးထူထူကိုကြည့်ရင်း ရင်ထဲမှာ မနှစ် မြို့ မှု အာရုံတစ်မျိုးကို အလိုလိုခံစားလာရသည်။ ထိုဝင်လာသူက ကပ်လျက်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး သက်ပြင်းတစ်ချက် ရှည်ရှည်လျားလျားမှု တ်ထုတ် လိုက်သံကို ကြားရ၏ ။

ပိတ်ကားပေါ်တွင် အ ဖြစ် အပျက်များ က လျင်မြန်စွာ လှုပ်ရှားပြောင်းလဲလျက် ရှိကြသည်။ ပွန်ပီလိယာက သူမကိုယ်သူမ ဓား ဖြင့် ထိုးကာ အဆုံးစီရင်ပြီးတောင်နေပြီ။ (သူမကိုယ်သူမ သက်သေလိုက်ခြင်းပဲ ဖြစ်မည် ဟု ကရာဗင် ကတော့ထင်သည်။) ပွန်ပီလီယာက လဲကျငြိမ်သက်နေသည့်တိုင် ရှုက်ဖိုကြီးငယ် အသွယ်သွယ်တို့ က မက်မောစဖွယ် ကြည့်ကောင်းနေဆဲ။ သူမဘေးတွင် အစေခံများ က ဝန်းရံငိုကြွေးနေကြ၏ ။

အသက်မရှုဘဲ ခပ်တိုးတိုးပြောလိုက်သည့် လေသံက ကရာဗင်၏ နားရွက်နားကပ်လျက်မှ ထွက်ပေါ်လာသည်။

“ဘာ ဖြစ်တာလဲဗျ၊ ဟို မိန်းမ အိပ်နေတာလား”

“ဟင့်အင်း၊ သေနေတာ”

“အသတ်ခံရတာ လား”

မေးလိုက်သည့်အသံက စိတ်ဝင်စားမှု ထက်သန်လျက်။

“အသတ်ခံရတယ်လို့တော့ မထင်ဘူး။ သူ့ကိုယ်သူ ဓားနဲ့ထိုးတာပဲ”

သူတို့နှစ် ဦးစကားပြောနေကြသည်ကို “ရှူး ၊ တိုးတိုး” ဟု ဟန့်တားမည့် သူ မရှိပါ။ ဘယ်သူ ကမှ ရုပ်ရှင်ကို စိတ်မဝင်စားသော ကြောင့် ဖြစ်၏ ။ ထိုင်ခုံအလွတ်တွေ ကြားမှာ ငြိမ်ငြိမ်စိတ်ပျက်စွာ ခေါင်းငိုက်စိုက်ကျနေသူများ ရှိသည်။

ရုပ်ရှင်က ခုထိ မပြီးနိုင်သေး၊ ဆွေစဉ်မျိုးဆက်တွေ အထိပါ ဇာတ်လမ်းက ဆက်နေဦးမယ် ထင်ပါရဲ့ ဟု သူတွေ းလိုက်မိ၏ ။ သူနှင့် ကပ်လျက် ထိုင်ခုံတွင် ထိုင်နေသော မုတ်ဆိတ်မွေးနှင့် လူ ညှက်ညှက် ကတော့ ရုပ်ရှင်ထဲမှ ပွန်ပီလီယာသေဆုံးခန်းကိုသာ စိတ်ဝင်တစားရှိနေပုံရသည်။ ထိုသူ့အတွက်တော့ စဝင်လာလာချင်း တွေ ့လိုက်ရသည်။ ပြကွက် ဖြစ်သော ကြောင့် သူ့ကို ညို့ ငင် ဖမ်းစားထားနိုင်စွမ်းရှိပေမည် ။

“တိုက်ဆိုင်လိုက်တာ”

ဟူသည့် စကားတစ်ခွန်းတည်းကို ထိုသူ နှစ် ခါထပ်၍ ပြောသံကြားရသည်။

ထိုလူက သူ့ကိုယ်သူ ကြားရရုံလေသံဖြင့် ခပ်တိုးတိုး ဆက်ပြောနေ၏ ။

“စဉ်းစားကြည့်စမ်း အဓိပ္ပာယ်မဲ့လိုက်တာ”

နောက်... ဆက်ပြောနေပြန်သည်။

ကရာဗင်က ထိုသူ့စကားကို နားထောင်မနေပါ။ ဒူးခေါင်းနှစ် လုံးကြားတွင် လက်များ ကို ချိတ်လျက် ရပ်ရင်ပိတ်ကားပေါ်မှ အ ဖြစ်အပျက်များ ကိုငေးကြည့်နေသည်။ သည်လိုအ ဖြစ်အပျက် ပေါင်း များ စွာ ကို အရင်ကခဏခဏကြုံတွေ့ဖူးသူ တစ်ယောက် လိုမျိုး အကြည့်ဖြင့် ငေးနေခြင်း ဖြစ် ၏ ။ သူ့အတွက် အန္တရာယ်က သူရှုးသွပ်သွားတော့မည် ဟု ခံစားနေရခြင်းပင် ဖြစ်လေသည်။ သူ့ကိုယ်သူ ဆွဲထုအားလပ်ရက် တစ်ရက်ယူပြီး ဆရာဝန် တစ်ယောက် ဆီ သွားပြရမည် ။

(သူ့သွေးပြန်ကြောထဲမှာ ဘယ်လိုရာဂါပိုးမွှားတွေ လှုပ်ရှားလှည့်ပတ်နေတယ်ဆိုတာကို တော့ ဘုရားသခင်မှပဲ သိပေမပေါ့။)

ဘေးထိုင်ခုံက မုတ်ဆိတ်မွေးနှင့် လူက သူ့ကိုစကားလှမ်းပြောနေကြောင်း သူ သတိထားမိ သွား၏ ။

“ဘာ”

သူက စိတ်မရှည်စွာ ပြန်ပေးလိုက်သည်။

“ခင်ဗျား ဘာပြောလိုက်တာလဲ”

“ခင်ဗျားထက်တောင်မှ ပိုပြီးသွေးတွေ အများ ကြီးထွက်တာဗျ”

“နေစမ်းပါဦးဗျ ခင်ဗျား ဘာအကြောင်းပြောနေတာလဲ” ထိုမုတ်ဆိတ်နှင့်လူက ပါးစပ်ကို သူ့ဘက်လှည့်ပြီး စကားပြောသည့်အခါ စိုထိုင်းထိုင်းလေငွေ့ဖြင့် အမှု တ်ခံရသလို ခံစားရသည်။ ထစ်အသူ တစ်ယောက် စကားပြောပုံမျိုး လေးလုံးမကွဲ။ ထိုလူက ပြော၏ ။

“ခင်ဗျား လူ တစ်ယောက် ကို သတ်တဲ့အခါကျရင်...”

“ဒီကားထဲမှာ သေတာက မိန်းမဗျ”

“ယောက်ျား ဖြစ် ဖြစ်၊ မိန်းမ ဖြစ် ဖြစ် အတူတူပဲလေ”

“ကျုပ်က လူသတ်စရာ ဘာအကြောင်းမှ မရှိတာ”

“အဲဒီ လို ကျုပ်က ဆိုလိုတာမဟုတ်ဘူးလေ”

အမှောင်ထဲတွင် အနှစ် သာရကင်းမဲ့စွာ အဓိပ္ပာယ်မရှိ ငြင်းခုံနေကြသူနှစ်ယောက် လို ဖြစ် နေ၏ ။

မုတ်ဆိတ်နှင့် လူက သူ့ကိုယ်သူ လွန်စွာ မှ အထင်ကြီးလှသည့် လေသံမျိုးဖြင့် ပြောလိုက် သည်။

“ဒီမယ် ကျုပ်သိတယ်ဗျ”

“ဘာသိတာလဲ”

“အဲဒီ သတ်ဖြတ်တဲ့ကိစ္စကိုပေါ့”

ထိုလူပြောနေပုံက အဓိပ္ပာယ်မရေမရာ ထိန်းထိန်းသိမ်းသိမ်း သတိထားပြီး ပြောနေရပုံမျိုး၊ ကရာဗင်က ထိုလူဘက်သို့ လှည့်လိုက်ပြီး သဲသဲကွဲကွဲ မြင်ရအောင်ကြိုးစားကြည့်သည်။ ဒီလူရူးများ ရူးနေသလား။ ရုပ်ရှင်ရုံထဲဝင်ပြီး ဘာမသိညာမသိ သူစိမ်းတွေ ကို မပြောသင့်တာတွေ လျှောက် ပြောတော သူကိုယ်တိုင်လည်း အဲသည်လို ရူးသွပ်သွားနိုင်တဲ့အကြောင်း သတိပေးတာများ လား။

ဘုရား ဘုရား၊ ဟင့်အင်း ငါ မရူးဘူး။

ငါ အခုချိန်အထိတော့ လူကောင်းပကတိပဲ နောင်ဆိုရင်တော့ နောင်ဆိုရင်လည်း ငါ့စိတ်က ကျန်းကျန်းမာမာ ရှိနေဦးမှာ ပါလား။ ခန္ဓာကိုယ်အသားတုံးအပုံ မည်းမည်းကလေးတစ်ခုအကြောင်း စဉ်းစားပြီး သောက် ဖြစ်နေမိသည်မှာ လွဲ၍ သူ့စိတ်ဘာမှ မ ဖြစ်ပါ။

မုတ်ဆိတ်နှင့်လူက သူ့ကို စကားလှမ်းပြောပြန်လေသည်။ “ပြောပုံက၊ ပြောပုံက

…။ ဟင်း… ပေါင်းငါးဆယ်ကြောင့် လုပ်တာလို့ သူတို့ကပြောတာပဲ၊ လိမ်ပြောနေတာပါ၊ အကြောင်းပြ ချက်တွေ …. ဆင်ခြေတွေ ၊ ဒင်းတို့က ပထမအကြောင်းပြချက်ကိုပဲ အတည်ယူကြတယ်လေ၊ ဘယ်တော့မှ နောက်ကို မကြည့်ဘူး။ နှစ် ပေါင်းသုံးဆယ်စာ အကြောင်းပြချက်တွေ ၊ သောက်.. အလကားကောင်တွေ ငတုံးတွေ ”

အသက်မရှူစတမ်းပြောနေသည့် လေသံထဲမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး သွေးနား ထင်ရောက်နေပုံက မထိန်းနိုင်မသိမ်းနိုင်ပါလာပြန်သည်။ ဒါဆို… အဲဒါ ရူးသွပ်မှု ပေါ့။ ကရာဗင်က သူ့ကိုယ်သူ ထိုလူနှင့် နှိုင်းယှဉ်ကြည့်လိုက်သည်။ ငါ ကတော့ စကားကို မှုမှုတတ ချင့်ချင့် ချိန်ချိန် ပြောတာပဲ။ ဒါဆို …ငါ မရူးဘူး၊ အက်ဝဲလမ်းပေါ်မှ ပတ္တရောင် တွေ ပန်းခြံထဲက လူတွေ လောက် တော့ ငါ့ စိတ်ကျန်းမာရေး က ကောင်းချင်မှ ကောင်းမှာ ပေါ့။ ဒါပေမဲ့.. ဟောဒီ မုတ်ဆိတ်နဲ့ ငတိ ထက်စာရင်တော့ ငါ့စိတ်က အများ ကြီးပိုကောင်းတယ်။

ထိုအသိကြောင့် သူ့မှာ သတ္တိခွန်အားတွေ ရှိလာသလို ခံစားရလေသည်။ စန္ဒရားသံက ဆက်လက်ထွက်ပေါ်နေဆဲ။

မုတ်ဆိတ်နှင့် လူက သူ့ဘက်လှည့်ပြီး စို့ထိုင်းထိုင်း အာငွေ့ဖြင့် မှု တ်ပြန်လေသည်။

“ဟိုမိန်းမက သူ့ဘာသာသူ သတ်သေတာလို့ ခင်ဗျားပြောတယ်နော်။ ဒါပေမဲ့ အဲသည်လို ဟုတ်၊ မဟုတ်ဆိုတာ ဘယ်သူက သိလို့လဲ။ ဓားရိုးကို ကိုင်ထဲလက်က ဘယ်သူ့လက်ဆိုတာ သေချာဖို့ အရေး ကြီးတယ်။ ပေါ့ပေါ့မတွေ းနဲ့နော်”

ရုတ်တရက်ဆိုသလို ထိုသူ၏ လက်က ကရာဗင်၏ လက်ပေါ်ယုံကြည်ရင်းနှီးပုံမျ ုး လာရောက်ဆုပ်ကိုင်သည်။ ထိုသူ့လက်က စို့ထိုင်းထိုင်း စေးကပ်ကပ်။

ထိုစဉ်မှာ ပင် ကရာဗင်က ဖြစ်ချေရှိသော အဓိပ္ပာယ်တစ်စုံတစ်ခုကို တွေ းမိသွားပြီး အထိတ် တလန့် အလန့်လန့်ဖြင့် ပြောလိုက်၏ ။

“ခင်ဗျား ဘာအကြောင်းပြောနေတာလဲ ” မုတ်ဆိတ်နှင့် လူညှက်ကလေးက

"ကျုပ် သိတယ်ဗျ၊ ကျုပ်လို အနေအထားမျိုးမှာ ရောက်နေတဲ့ လူ တစ်ယောက်အဖို့တော့ အားလုံးလောက်နီးနီးကို သိတော့တာပဲ"

"ခင်ဗျားရဲ့ အနေအထားကဘာလဲ"

ကရာဗင်က မေးလိုက်သည်။ သူ့လက်ပေါ်လာတင်ထားသည့် စေးကပ်ကပ်လက်ကြီး၏ အထိအတွေ့ကို ခံစားနေရ၏ ။

ရှုးနေသလား၊ မရှူးဘူးလား ဆိုသည်ကိုလည်း စဉ်းစားနေပြန်၏ ။

ဘာပဲ ဖြစ် ဖြစ်လေ အကြောင်းပြချက်တွေ ကတော့ တစ်ဒါဇင်လောကက်ရှိနေတာပဲ။ ဒီစေး ကပ်ကပ်တွေ က ထန်းရည်တွေ ဖြစ်ချင် ဖြစ် ဖြစ်မည် ။

"ခင်ဗျားပြောတာနော် သနားစရာပဲ"

တစ်ချက်တစ်ချက်တွင် အသံက လည်ချောင်းထဲတိမ်ဝင်သွားသေးသည်။ ရုပ်ရှင်ပိတ်ကား ပေါ်တွင် ဘာတွေ ဖြစ်နေမှန်းမသိ။

ရုပ်ရှင်ပိတ်ကားဆီက မျက်နှာလွှဲလိုက်မိတဲ့အချိန်မှာ ဇာတ်လမ်းက သူ့ဟာနဲ့သူဆက်သွား နေတဲ့ဥစ္စာ။ ဇာတ်ကောင်တွေ ဖြည်းလေးစွာ ဖြင့် ထုံ့ပိုင်းထုံ့ပိုင်း ရွေ့လျားနေကြ၏ ။ ညအိပ်ဝတ်စုံ ဝတ်မိန်းမပျိုး တစ်ယောက် က ငိုကြွေးနေသည်။

သူမကို ရောမစစ်သူကြီး တစ်ယောက် က ပွေ့ဖက် ထားလျက်သားရှိ၏ ။ အဲသည် ဇာတ်ကောင်တွေ ကို အရင်က ကရာဗင် တစ်ယောက် မှ မမြင်ဘူး။

"မင်းရဲ့ ရင်ခွင်ထဲမှာ ဆိုရင် သေရမှာ မကြောက်ပါဘူး လူစီးယပ်ရယ်"

ဘေးထိုင်ခုံမှ လူညှက်ညှက်ကလေးက တစ်ခစ်ခစ်ရယ်မောစ ပြု နေပြန်လေသည်။ ထိုလူ က သူ့လက်ကြီးကို ပြန်ရုတ်သိမ်းသွားပြီးသည့်တိုင် ခုထိ ကရာဗင်၏ လက်ပေါ်မှ စေးကပ်ကပ် တွေ းစွန်းထင်းကျန်ရစ်နေဆဲရှိနေသေး၏ ။

အဲဒါသာမရှိရင် ဒီငတိကို လျစ်လျူရှုလိုက်ဖို့ မခဲယဉ်းပါ ဘူး။

ရှေ့က ထိုင်ခုံကို ထိုင်တိက လက်ဖြင့် စမ်းသလိုလို လုပ်နေ၏ ။ ထိုလူ ဦးခေါင်းက ဘေးသို့ တစ်စောင်းကြီး ငိုက်စိုက်ကျနေသည်။ မွေးရာပါ ကျပ်မပြည့်သည့် ကလေး တစ်ယောက် ၏ အကြောင်းဆွဲပုံမျိုး။

"ဘေးစ်ဝါးတား အလွမ်းဇာတ်"

"ဘာ ဖြစ်တယ်"

ကရာဗင်က ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။ ဒီစကားလုံးကို ပန်းခြံထဲ မဝင်ခင်က ပိုစတာတစ်ခုပေါ်မှာ မြင်ခဲ့ဖူးသည်။

"ဘာ"

"အလွမ်းဇာတ်ဆိုတာကို မေးနေတာ"

"ကူးလင်းမြူး စ် ဘေးစ်ဝါးတားလို့ ခေါ်ကြတာပဲလေ"

ရုတ်တရက်ဆိုသလို ထိုလူက ချောင်းဆိုးလိုက်သည်။ ကရာဗင်၏ မျက်နှာဆီတည့်တည့် လှည့်ပြီး ချောင်းဆိုးလိုက်ခြင်း ဖြစ်၏ ။ ရှိုင်းစိုင်းစုတ်ပဲ့လိုက်တာ။ ထိုလူက အသံကြွဲကြွဲကြီးဖြင့် ပြော သည်။

"ပြစမ်းပါဦး ကျွန်တော့်ထီး"

ဟု ထိုလူက ထပ်ပြောပြန်၏ ။ နောက်....

"ကျွန်တော် ..."

စကားလုံးတွေ ဆုံးပါးပျောက်ကွယ်သွားကြပုံရ၏ ။

ထိုလူက ကရာဗင်၏ ဒူးများ ကို ထိခတ်ပွတ်တိုက်ပြီး အပြင်သို့ တိုးထွက်သွားသည်။

ကရာဗင်က ထိုလူထွက်သာစေရန် တိမ်းဖယ်ပေးလိုက်၏ ။

ထိုလူက ထွက်ပေါက်လိုက်ကာ တွန့်တွန့်ကြီးများ ဆီသို့ မရောက်ခင်မှာ ပင်

တစ်စုံ တစ်ယောက် မီးပန်းဆိုင်းကို ဖွင့်လိုက်သည်။ လင်း ထိန်သွားသော ကြောင့် သူ့လက်ပေါ်မှ အစွန်းအပေများ ကို ကရာဗင်မြင်တွေ့သွား၏ ။

ထိုလူပေါက်ကရတွေ လျှောက်ပြေးနေခြင်းမဟုတ်ပါ။ အမှန်အတိုင်း ပြောသွားခြင်းပင် ဖြစ် သည်။

သူ မရူးပါ။

သူသည် အရူး တစ်ယောက် နဲ့ ခုံချင်းကပ်ထိုင်နေခဲ့ခြင်း ဖြစ်တော့သည်။ အဲဒီလူက မြူး စစ်ပါ ပဲ။ နာမည် က ဘာတဲ့ ကိုးလွန်းလား?၊ ကောလင်းလင်း?၊

ကရာဗင်သည် ထိုင်ရာမှ ခုန်ပြီးထလိုက်မိသည်။ နောက်အပြင်သို့ အပြေးအလွှားထွက် သည်။ ကန့်လန့်ကာစ အဝတ်မည်းကြီးက သူ့ပါးစပ်ထဲသို့ လာတိုးသွား၏ ။ သို့သော် ... သူ နောက် ကျသွားခဲ့ချေပြီ။

ဟိုလူ မရှိတော့၊ သွားပြီ။

ရွေးချယ်စရာ နည်းလမ်းသုံးခုပဲရှိသည်။ သူ တာဝန်ရှိသူများ ဆီ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားရန် ရွေးချယ်လိုက်၏ ။ ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် သူနှင့် စိမ်းနေသည့် အရေး ပေါ်ဖုန်းနံပါတ် ၉၉၉ ကို လှည့်လိုက်သည်။

နှစ် မိနစ်ပင်မကြာ၊ သူဆက်လိုသော ဌာနကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွား၏ ။ တစ်ဖက် မှ တယ်လီဖုန်းကိုင်သူက စိတ်ဝင်တစစားလေသံနှင့် လေးလေးနက်နက် ကြင်နာပုံရသ သည့် လေသံကို ကြားရလေသည်။

“ဟုတ်ကဲ့...၊ လူသတ်မှု တစ်ခု ဖြစ်သွားခဲ့တယ် ဟုတ်ကဲ့ မှန်ပါတယ်ခင်ဗျ။ ကူးလန်းမြူး စ်ပါ၊ လည်ပင်းကို ပေါင်မုန့်လှီးတဲ့ဓားနဲ့ လှီးသွားလိုက်တာ နားရွက်တစ်ဖက်ကနေ တစ်ဖက်ကို ထိရော ခင်ဗျ။ ကြောက်စရာကောင်းတဲ့ မှုခင်ပါပဲ”

ရုပ်ရှင်ရုံထဲ၌ လူသတ်သမားနှင့် ကပ်လျက်ထိုင်ခုံမှာ သူထိုင်နေခဲ့ရသည့်အကြောင်းကို စတင်ပြောပြသည်။

တခြားသူ မ ဖြစ်နိုင်ပါ။ အဲသည်တေီသာလျှင် လူသတ်သမား ဖြစ်ရပေမည် ။ သူ့လက်ခုံပေါ်တွင် ယခုထိတိုင် သွေးတွေ စွန်းပေလျက်ရှိနေသေး၏ ။ စို့ထိုင်းထိုင်း မှတ်ဆိတ်မွှေး တွေ နှင့် ထိုလူစကားပြောသည့်အခါ မနစ် မြို့ ဖွယ် ခံစားရပုံကို သူပြန်အမှတ်ရလာ၏ ။

ကြောက်စရာကောင်းလောက်အောင်ကို သွေးတွေ အိုင်ထွန်းနေခဲ့ပေမည် ။ သို့သော် စကော့ တလန်ယဒ် စုံတောက်အဖွဲ့မှ တာဝန်ရှိသူ၏ အသံက ကြားဖြတ်ပြောလာသည်။

"ဟင့်အင်း မဟုတ်ဘူးခင်ဗျ၊ လူသတ်သမားကို ကျွန်တော် တို့ ကြားဖြတ်ဖမ်းမိထားပါပြီ။ သေချာပါတယ်ခင်ဗျား၊ မှာ းစရာ အကြောင်းမရှိပါဘူး။ ပျောက်နေတာက အသတ်ခံရတဲ့ အလောင်းခန္ဓာကိုယ်ပါ"

ကရာဗင်က တယ်လီဖုန်းခွက်ကို ပြန်ချထားလိုက်သည်။ သူ့ကိုယ်သူ ကျယ်လောင်စွာ ပြော လိုက်၏ ။

"ငါ့ကမှ ဘာလို့ ဒါမျိုးလာ ဖြစ်နေရတာ လဲ"

"ဘာကြောင့် ငါ့ကျမှ"

သူသည် သူ့အိပ်မက်၏ ကြောက်စရာအ ဖြစ်ထဲသို့ ပြန်ရောက်နေလေပြီ။ အပြင်အပမှ ညစ် ပတ်မှော င်မိုက်နေသည့် လမ်းကလေးသည်အလောင်းကောင် ခန္ဓာကိုယ်တွေ မပျက်မစီး လဲလျောင်းနေရာ အုတ်ဂူမြေကျင်းများ အချင်းအချင်း ဆက်ထားရာ လိုဏ်ခေါင်းများ စွာ အနက်က တစ်ခုမျှသာ ဖြစ်၏ ။

"ဒါ အိပ်မက်ပဲ၊ အိပ်မက်ပဲ"

သူပြောရင်း ခန္ဓာကိုယ်က ရှေ့သို့ စိုက်မိုကျသွားသည်။ တယ်လီဖုန်းအထက်နားရှိ မှန်ထဲ တွင် သူ့မျက်နှာသူ ပြန်မြင်နေရသည်။

မျက်နှာပေါ်တွင် သွေးစက်ဥကလေးများ သည် မှ တ်ဆေးဘူးဖြင့်

ဖျန်းပက်ခံထားရသလိုမျိုး ပေပွစွန်းထင်နေကြ၏ ။

“ငါ ရူးမှာ မဟုတ်ဘူး။ ငါ ရူးသွားမှာ မဟုတ်ဘူး။ ငါ လူကောင်းပါ၊ ငါ မရူးဘူး”

လူတွေ စုအုံစပြုသည်။ မကြာမီပင် ရဲ တစ်ယောက် ရောက်လာလေတော့သည်။

# ချစ်သူတစ္ဆေ

The Demon Lover (Elizabeth Bowen)

မစ္စက်ဒရိုဗာအဖို့ လန်ဒန်ကို နှုတ်ဆက်ခွဲခွာရတော့မည့် နောက်ဆုံးအချိန်ပင် ဖြစ်သည်။ ပိတ်ထားခဲ့ပြီ ဖြစ်သော အိမ်ဆီ သူမရောက်လာခဲ့သည်။ ယူသွားရမည့် ပစ္စည်းများကို လျှောက် ကြည့်ရဦးမည် ။ တချို့ပစ္စည်းပစ္စယများ က သူမကိုင်ပိုင်။ တချို့ ကတော့ သူမ မိသားစု၏ ပစ္စည်းများ ဖြစ်ကြ၏ ။ သူမ၏ မိသားစုက ယခုတော့ ကျေးလက်ဘဝမှာ နေသားကျနေကြပြီ။

ဩဂုတ်လနှောင်းကိုပင် ရောက်နေကြပြီကော.....

မိုးရေတွေ စိုစွတ်ကာ ရေငွေ့တို့ဖြင့် ထိုင်မှိုင်းနေသည့် နေ့ရက်တစ်ရက် ဖြစ်သည်။ နေ့လည် ခင်း နေရောင် ခြည်က စိုထိုင်းထိုင်း အဝါရောင် ။ နေရောင် ကျကျတွင် သစ်ပင်တွေ က လုံသိပ်ထား သည့် လူသွားလမ်းကျဉ်း ကလေးက လင်းလက်နေ၏ ။ တရိပ်ရိပ် တက်လာသည့် မိုးသားတိမ် တိုက်တို့ကို နောက်ခံပြုလျက် မည်းမှော င်ကျိုးပျက်နေသည့် မီးခိုးခေါင်တိုင်နှင့် အိမ်မိုးဆင်ဝင်ပေါက် တို့က ထီးထီးမားမား။

တစ်ချိန်တုန်းက သူမရင်းနှီးကျွမ်းဝင်ခဲ့ရာ သည်လမ်းကလေးထဲမှာ ...

အသုံးမပြုတော့ဘဲ ပစ်ထားသည့် မြောင်းတစ်ခုထဲ ရောက်နေရသလိုမျိုးပါပဲ။ သူစိမ်းဆန် သော “ထူးခြားမှု တစ်”က အနည်းအနှစ်ရွှံ့နွံ့နံ့အမှိုက်တွေ ပိတ်ဆို့ဖုံးလွှမ်းထားသလိုမျိုး သူမရင် ကို လွှမ်းမိုးဆို့ကျပ်သွားစေ၏ ။ ကြောင်တစ်ကောင်က အမင်္ဂလာသံဖြင့် ညည်းတွားနေ၏ ။

အသံက ကျယ်လာလိုက် တိုးသွားလိုက်။

မစ္စက်ဒရိုဗာ၏ အိမ်အပြန်ကို စောင့်ကြည့်နေမည့် မနုဿ မျက်လုံးတစ်စုံမှ ရှိမနေပါ။ သူမက အထုပ်အပိုးများ ကို လက်ထဲ ပွေ့လိုက်ပြီး သော့ ကိုတံခါးမင်းတုံး သော ခလောက်ထဲသို့ ထိုး ထည့်လိုက်၏ ။ သော့ က တော် တော် နှင့် မပွင့်ချင်။ သော့ တံကို

ဖြည်းဖြည်းချင်း သွင်းကာ အားဖြင့် ဖိလှည့်ရ၏ ။

နောက်.. တံခါးကို တွန်းဖွင့်လိုက်သည်။ ပျက်ရွဲ့စောင်းနေသော တံခါးက သူမ၏ ဒူးခေါင်းကို လာတိုက်၏ ။ သူမ ဝင်သွားသော အခါ ပိတ်လှောင်နေခဲ့သည်မှာ ကြာပြီ ဖြစ်သော လေထုက ထောင်းခနဲ သူမကို တိုးထွက်လာ၏ ။

ပြင်တင်းပေါက်ကို ပျဉ်ပြားဖြင့် အသေရိုက်ပိတ်ထားပြီ ဖြစ်သော ကြောင့် ခန်းမကြီးထဲတွင် မှောင်မိုက်နေ၏ ။ သို့သော် ဟနေသည့် တံခါးတစ်ချပ်ကို သူမမြင်လိုက်ရသည်။ ထို့ကြောင့် အခန်း သို့ သူမခပ်သွက်သွက် ဝင်သွားလိုက်ပြီး ထိုနေရာရှိ ပြတင်းပေါက်ကို တွန်းဖွင့်ပစ်လိုက်သည်။

ခံစားချက်တွေ ကွဲပြိုနေသည့် မိန်းကလေး တစ်ယောက် အဖို့ သူမမြင်ရသော အရာရာတိုင်း သည် သူမသိထားခဲ့သည်ထက် များ စွာ ပို၍ စိတ်ရှုပ်ထွေးညစ်ညူး စရာကောင်းနေလေသည်။ ကြာ မြင့်ခဲ့ပြီ ဖြစ်သော ဟိုတစ်ချိန်တုန်းက ဘဝ၏ နေထိုင်ခဲ့ရပုံကို ခြေစလက်စတွေ ။

ဝါကျင့်ကျင့် မီးခိုးတွေ စွန်းထင်းနေသည့် ကျောက်ဖြူသားကျပ်ခိုးစင်၊ စာရေး စားပွဲခုံပေါ် တွင် ပန်းအိုးတင်ထားခဲ့သည့် အရာအကွက်ဝိုင်းဝိုင်းကလေး။ တံခါးစွန်းကို ခပ်ပြင်းပြင်း တွန်းဖွင့် လိုက်တိုင်း လက်ကိုင်ဘုဖြင့် တိုက်မိနေသော ကြောင့် နံရံကပ်စက္ကူပေါ် ထင်ကျန်နေရစ်ခဲ့သည့် အညိုအမည်းရာ။

စန္ဒရား... စန္ဒရားကိုတော့ သိမ်းဆည်းထားဖို့ရန် သယ်ယူသွားခဲ့ပြီ ဖြစ်သော ကြောင့် ယခင်က ထိုစန္ဒရားထားရှိရာ ကြမ်းခင်းပါကေးပေါ်တွင် ပွန်းတိုက်ခြစ်မိရာ ကျန်ရှိနေတော့သည်။ ဖုန်မှု န့်တွေ တင်းကြမ်းထူထပ်မနေသည့်တိုင် အရာရာသည် အလွှာပါးပါးကလေးတစ်ချပ်ဖြင့် အုပ် ဖုံးခံထားရသလို ဖြစ်နေ၏ ။ လေဝင်လေထွက်ဟူ၍ မီးခိုးခေါင်းတိုင် တစ်နေရာသာရှိသည်။ ပုံဆွဲခန်း တစ်လုံးသည် အေးစက်စက် မီးဖိုဆောင်တစ်ခု၏ အနံ့မျိုးထွက်နေလေသည်။

မစ္စက်ဒရိဗာက သူမလက်ထဲမှ အထုပ်များ ကို စာရေး

စားပွဲပေါ်တင်ထားလိုက်ပြီး အခန်းထဲမှ ထွက်ကာ အပေါ်ထပ်ဆီ တက်ဖို့ပြင်သည်။ သူမလိုချင်သော ပစ္စည်းများ သည် ပစ္စည်း များ သည် အိပ်ခန်းသေတ္တာထဲတွင် ရှိ၏ ။

အိမ်ကြီးသည်လို ဖြစ်နေပုံကိုမြင်ရသော ကြောင့် သူမရင်ထဲတွင် သော ကဝေဒနာတစ်မျိုး ခံစားလာရသည်။ အိမ်နီးချင်းတချို့နှင့် သူမစပ်တူငှားရမ်းခိုင်းစေထားသည့် အိမ်သန့်ရှင်းထိန်းသိမ်း ရေး အလုပ်သမားကလည်း ဒီတစ်ပတ်ကျခါမှ သူ့အားလပ်ရက်ယူထားသည်။ ယခုထိ အလုပ်ပြန်မ ဝင်သေး။ ဒီလူ မျက်နှာလွှဲခဲပစ်လုပ်တတ်သမျှထဲမှ တကယ်အချိန်ကောင်းပါပဲ။ အဲသည် အလုပ် သမားပေါ် သူမယုံကြည် စိတ်ချရှိရဲ့ လာဆိုသည်ကို သူမ ဘယ်တုန်းကမှ မသေချာခဲ့ပါ။

စစ်ပွဲအတွင် းက နောက်ဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်မှု ကြောင့် ဖြစ်ပေါ်လာခဲ့ရသော အက် ကွဲကြောင်းများ ပေါ်သို့ သူမမျက်စိအကြည့်ရောက်သွားသည်။ ရင်ထဲက သော ကဝေဒနာကြောင့် ကြာကြာမကြည့်ရဲ။ စစ်ဆိုတာ ...။ ဘာတစ်မှ မတတ်နိုင်ခဲ့ပါလားကွယ်...။

နေ့အလင်းရောင် တန်းက အခန်းကို ကန့်လန့်ဖြတ်ယိုင် ဆင်းကျလာခဲ့သည်။

သူမ.. .အသက်မဲ့သွားသလို တောင့်တောင့်ကြီး ရပ်ကာ စားပွဲဆီကြက်သေသေကြည့်နေမိ ၏ ။ စားပွဲပေါ်တွင် သူမ၏ အမည် ကို လိပ်စာတပ်ထားသည့် စာတစ်စောင်....

စစချင်းတော့ အိမ်သန့်ရှင်းရေး အလုပ်သမားအလုပ်ပြန်ဝင်နေတာ ဖြစ်ရမယ်ဟု သူမတွေ း လိုက်မိသေး၏ ။ အို.. မဟုတ်သေးပါဘူး။ အိမ်ပိတ်ထားတာမြင်မှပဲ ...စာကို စာထည့်သေတ္တာထဲ ထည့်ပစ်ခဲ့ရမှာ ပေါ့။

ဒါ...လာနေကျစာမျိုးမစဟုတ်။ ဒါ...ငွေတောင်းခံလွှာလည်း မဟုတ်။ သူမထံသို့ စာတိုက်ပုံး ထဲထည့်ကာပို့လိုက်သော အရာမှန်သမျှစာတိုက်ရုံးမှ တစ်ဆင့်သာ လွှဲယူလေ့ရှိသည်။ အိမ်သန့် ရှင်းရေး အလုပ်သမားသည် (အကယ်၍ အလုပ်ပြန်ဝင်ရန် ရောက်လာသည်ပဲ ထားဦးတော့) ယနေ့ သူမ လန်ဒန်မှာ ရှိနေမည် ကို မသိ။

အငိုက်ဖမ်းရန်တမင်ရည်ရွယ်ပြီး အကြောင်းမကြားဘဲ သူမ ဗြု

န်းစားကြီးရောက်ချလာခဲ့ခြင်း ဖြစ်၏ ။ အိမ်သန့်ရှင်းရေး သမား၏ ပစ်လက်ခတ်နိုင်ပုံကို ကြည့်ပြီး သူမစိတ်ပျက်သွားသည်။ ကြည့် စမ်းပါဦး.. ဒင်း လုပ်ပုံက၊ ဒီစာကို အခုအတိုင်း ဖုန်မှုန့်အလူးလူးဖြင့် စားပွဲထဲမှာ သူမအလာကို စောင့်မျှော်နေဖို့ ပစ်ထားခဲ့ရပုံရ၏ ။

စာကိုကောက်ယူကြည့်လိုက်သော အခါ သူမစိတ် အနှောင့်အယှက် ဖြစ်သွားသည်။

စာမှာ .. ဘာတံဆိပ်ခေါင်းမှ ကပ်မထား။

အရေး မကြီးတဲ့ စာနဲ့တူပါရဲ့ .. နိုးမဟုတ်ရင် သူတို့သိကြမှာ ပေါ့။

သူမစာကို ယူပြီးအပေါ်ထပ်သို့ တက်ခဲ့၏ ။ အလင်းရောင် ရသည့် သူမ၏ (တစ်ချိန်တုန်းက) အိပ်ခန်းဆီရောက်သည်အထိ စာအိတ်ပေါ်မှ လက်ရေး ကို သူမမကြည့်ဖြစ်သေး။

အခန်းသည် ပန်းခြံကို အပေးစီးမှ မြင်နေရသည်။ တိမ်တွေ ညိုပြီး နိမ့်ဆင်းလာပြီ ဖြစ်သော ကြောင့် နေအလင်းဝင်သွားသလို ဖြစ်လေ၏ ။ သစ်ပင်များ နှင့်အရွက်တွေ ထူပိန်းနေသော မြက်ခင်း တို့သည် အမှော င်ထုဖြင့် မှု င်နေသယောင်ထင်ရသည်။

တစ်စုံ တစ်ယောက် က သူမကို ချီးနိမ်စော်ကား သရော်နေသလိုမျိုးစိတ်မလုံခြု မှု တစ်ခုံကို ခံစားရသော ကြောင့် လက်ထဲမှ စာကို နောက်တစ်ကြိမ်ထပ်ကြည့်ဖို့ရန် သူမတွန့်ဆုတ်နေလေ သည်။ မိုးတွေ ရွာစပြုလာသည်။သူမစိတ်ကို တင်းလျက် စာကိုဖတ်လိုက်၏ ။

စာကြောင်းရေက အနည်းငယ်မျှသာ...

ချစ်သော ကက်သလင်း..

ဒီကနေ့ဟာ တို့နှစ် ယောက် ရဲ့ နှစ် ပတ်လည်ပြည့်တဲ့နေ့ဆိုတာ

မင်းမမေ့လောက်သေးပါဘူး နော်။ တို့များ ပြောခဲ့ကြတဲ့ နေ့လေး။ နှစ် တွေ ကလည်း ကုန်လွန်သွားခဲ့လိုက်ကြတာ...။ နေးလည်း နေးရဲ့၊ မြန်လည်းမြန်ရဲ့။

ဘာမှပြောင်းလဲသွားခဲ့မှာ မဟုတ်ပါဘူးလို့ အောက်မေ့ရင်းမင်းရဲ့ ကတိကိုတည်အောင် ထိန်းသိမ်းထားမယ်ဆိုတာ ကိုယ်ယုံမှတ်ထားရတော့မှာ ပဲလေ။ ဒါပေမဲ့ မင်းအချိန်မီ အရောက်ပြန် လာမှာ ပဲဆိုတဲ့ အသိနဲ့ကိုယ်ဖြေသိမ့်နိုင်ပါတယ်။ ချိန်းထားတဲ့ အချိန်ရောက်ရင် ကိုယ့်ကိုမင်းမျှော် လင့်နေမှာ ပေါ့နော်...။ အဲဒီ ကျမှပဲကွယ်....။

ကေ (K)

မစ္စက်ဒရိုဗာသည် စာရွက်ပေါ်တွင် တပ်ထားသည့် ရက်စွဲကိုကြည့်လိုက်၏ ။

ဒီနေ့... ရက်စွဲပါလား။

သူမ စာကိုလွှတ်ချလိုက်မိသည်။ အိပ်ရာပေါ်ကျသွား၏ ။ နောက်... လက်ရေး ကို ကြည့်ရန် ပြန်ကောက်ယူမိပြန်၏ ။

နှုတ်ခန်းနီဆေးသားကြွင်းတို့အောက် သူမ၏ နှုတ်ခမ်းတွေ ဖြူရော်ရော် ဖြစ်သွားကြသည်။ သူမမျက်နှာပေါ်မှာ အပြောင်းအလဲတစ်ခု သိသိသာသာကြီး ဖြစ်သွားမှန်း ခံစားလိုက်ရသည်။ ကြည့် မှန်ဆီသူမ ပြေးသွား၏ ။ မှန်ပေါ်တွင် ကြည့်သာမြင်သာရုံလက်တစ်ဝါးစာ သာသာမျှကြည်လင်သွား အောင်ပွတ်တိုက် ပစ်လိုက်ပြီး ကိုယ့်မျက်နှာကိုယ် မှန်ပေါ်တွင် ကမန်းကတန်းပြန်ကြည့်လိုက် သည်။ ရဲရဲတင်းတင်းမကြည့်ရဲ။ ခိုးကြောင်ခိုးဝှက် ချောင်းမြောင်းကြည့်ပုံမျိုး။

မှန်ထဲတွင် အသက်လေးဆယ်လေးနှစ် အရွယ် မိန်းမ တစ်ယောက် ကို တွေ့လိုက်ရသည်။ အမူ မဲ့ အမှတ်မဲ့ဆွဲချထားသော ဦးထုပ်အနားဝိုင်းအောက်မှာ မျက်လုံးတွေ က ကြောင်တောင်ငေး စိုက်လျက်၊ ခြောက်တိခြောက်ကပ်လက်ဖက်ရည်သောက်အပြီး ဆိုင်ထဲမှ ထထွက်လာကတည်းက သူမ မျက်နှာကိုပေါင်ဒါထပ်မဖို့ဖြစ်ခဲ့။ လက်ထပ်စဉ်က သူမ၏ ခင်ပွန်း ဖြစ်သူ လက်ဆောင်ပေးထား သည့် ပုလဲပုတီးကုံးက လည်တိုင်မှာ လျော့ရဲရဲတွဲ ခိုလျက်။

လည်းပင်းက အခုပို၍ ပိန်လှီနေယောင်ယောင်။ ဗွီပုံသဏ္ဌာန်ပန်းရောင် သိုးမွှေးအင်္ကျီလည်း ဟိုက်အဝထဲမှ ထိုးထိုးထောင်ထောင် ထွက်နေ၏ ။ ဒီသိုးမွှေးအင်္ကျီက မနှစ်က ဆောင်းဦးပေါက် တွင် မီးလင်းဖိုနံဘေးတွင် ထိုင်၍ မီးလှုံကြရင်း ညီမ ဖြစ်သူက ထိုးပေးခဲ့ခြင်း ဖြစ်၏ ။

မစ္စက်ဒရိဗာ၏ ပုံမှန်အဆန်နိုင်ဆုံး အသွင်အပြင်က စိုးရိမ်သော ကကို ထိန်းသိမ်းထားရပုံမျိုး ဖြစ်၏ ။ တတိယမြောက် ကလေးကို မီးဖွားပြီးချိန်မှစ၍ သူမမှာ အတော် ဆိုးရွားပြင်းထန်သော နာမ ကျန်းမှု တစ်ခု စွဲကပ်လာခဲ့သည်။ မကြာခဏဆိုသလို သူမပါးစပ်လက်ဝဲဘက်အခြမ်းမှာ ကြွက်သား တွေ တဆတ်ဆတ်ဆွဲတတ်၊ လှုပ်တတ်သည်။ ဖြစ်လိုက်၊ပျောက်သွားလိုက်၊ ယင်းကိစ္စမှလွဲ၍ သူမ ကိုယ်သူမ တည်ငြိမ်သော ၊ ဖျက်လတ်တက်ကြွသော သူ တစ်ယောက် ၏ ဟန်မျိုးပေါက်အောင် ထိန်းထားနိုင်ခဲ့သည်။

မှန်ထဲမှ သူမရုပ်ပုံလွှာကို ကြည့်နေရာမှ မျက်နှာလွှဲပြီး သူမယူချင်သော ပစ္စည်းများ ထည့် ထားရာ သေတ္တာဆီ လျှောက်လာလိုက်သ်။ သေတ္တာက သော့ ခတ်မထား။ အဖုံးကို ဆွဲမလိုက်ပြီး ပစ္စည်းပစ္စယများ ကိုရှာရန် ဒူးထောက်ထိုင်ချလိုက်သည်။ စောစောကစာကို တင်ထားရာအိပ်ရာဆီ မကြည့်ဘဲ မနေနိုင်ပြန်။

မိုးစက်ဖြဲလွှာတို့၏ နောက်ကွယ်မှ ဘုရားကျောင်း နာရီစင်ကြီး၏ ခြောက်နာရီထိုးသံ ထွက် ပေါ်လာ၏ ။ နေးကွေးလေးလံသော နာရီတီးသံတစ်ချက်တိုင်းကို ရေတွက်နေမိရင်းက သူမရင်ခုန် လာသည်။

“ချိန်းထားတဲ့ အရောက်ရင်တဲ့ …။ ဘုရားရေ …အဲဒါ ဘယ်နနာရီကိုပြောပါလိမ့်။ ငါ.. ငါ နှစ် ဆယ့်ငါးနှစ် တောင်ကြာပြီမှပဲ.. ဘယ့်နယ်လုပ်ပြီး …ငါ…”

*****

ဥယျာဉ်ထဲ..၊ မှော င်မိုက်နေ၏ ။ သစ်ပင်အောက်မှာ မိန်းမငယ်လေး၊ စကားပြောနေသူက စစ်သား တစ်ယောက် ။ (ထိုသူ့မျက်နှာကိုမမြင်ရ)

သူတို့နှစ် ဦးခွဲခွာဖို့ နှုတ်ဆက်စကားဆိုနေကြခြင်း ဖြစ်လေသည်။

ပိုးတဝါးအမှောင်ထဲမှာ သူရှိနေသေးရဲ့လားဟု သေချာအောင်သူမ လက်ဖဝါးဆန့်ထုတ် ကာ စမ်းကြည့်မိသည်အထိ။ ကြင်ကြင်နာနာကိုင်တွယ်ပုံမျိုးတော့မဟုတ်။ သူက သူမလက်ဖဝါး လေးကို ဖိညှစ်ဆုပ်နယ်၏ ။ ကြယ်သီးတွေ ပေါ်ပိကပ်နေသည်။ အဲသည်သူမ လက်ဖဝါးပေါ်က ကြယ်သီးအပြုတ်ကလေးကိုသာ ယူငင်ပိုင်ဆိုင်ထားရတော့မှာ ပေါ့...။

ပြင်သစ်ခွင့်ကာလ ကုန်ဆုံးရန် အလွန်နီးကပ်နေပြီ။

၁၉၁၆ ခုနှစ် ဩဂုတ်လ။

အနမ်းများ မရှိ၊ ဝေးဝင်ဆွဲယူခြင်းခံနေရသော အသိတစ်ခုဖြင့် သူမကို သူစိုက်ကြည့်နေ သည်။ တုန်လှုပ်ချောက်ချားနေသော ကက်သလင်း၏ စိတ်အာရုံမှာ သူ့မျက်ဝန်းထဲရှိ တန္ခြေဆန် ဆန်လင်းလက်မှု ကိုမြင်သည်အထိပင် ဖြစ်၏ ။

မျက်နှာလွှဲပြီး မြက်ခင်းဟိုဘက်ဆီ သူမနောက်ပြန်လှည့်ကြည့်မိသည်။ သစ်ပင်ကိုင်းခက် တွေ ကိုဖြတ်ကာ စာကြည့်ခန်းပြတင်းပေါက်မီးရောင် ကိုမြင်ရ၏ ။ အဲသည်ကို ပြန်ပြေးသွားပြီး မိခင် နှင့် အစ် ဖြစ်သူတို့၏ နွေးထွေးလုံခြုံသော ရင်ခွင်ထဲ တိုးဝင်ပွေ့ဖက်ကာ “သမီး ဘာလုပ်ရမှာ လဲ.. အမေ၊ သမီး ဘာလုပ်ရမှာ လဲ၊ သူ.. သွားပြီအမေရဲ့ ”ဟု ပြောရင်းငိုချလိုက်ရမည့် အချိန်ကို တွေ းမိ သော ကြောင့် ပက်သက်ရှိုက်ဆို့သွားမိ၏ ။ သူမ၏ ပင့်သက်ဆို့နင့် ရှိုက်သံကို ကြားသွားပြီး ချစ်သူ က...

“ချမ်းနေလား”

ဟု မေးသည်။ သူမက...

“ကို ...အဝေးကြီး သွားရမှာ နော်”

“မင်း ထင်သလောက်မဝေးပါဘူးကွာ”

“ကျွန်မ နားမလည်သေးဘူး”

"နားလည်ဖို့လည်း မလိုပါဘူးကွာ၊ မင်းနားလည်လာမှာ ပါ။ တို့များ ပြောတာ မင်းသိပါ တယ်"

"ဒါပေမဲ့ အဲ့ဒါ.. သဘောက၊ ကျွန်မဟိုဒင်းလေ၊ ဆိုလိုတာက"

"ကိုယ် မင်းနဲ့အတူရှိနေမှာ ပါ။ အနေးနဲ့အမြန်ပဲကွာမယ်။ မင်းမေ့မသွားနဲ့နော်၊ မင်းဘာမှ လုပ်စရာ မလိုဘူး။ ကိုယ့်ကို စောင့်နေဖို့ပဲ လိုတယ်"

နောက်တစ်ခဏအကြာတွင် တိတ်ဆိတ်နေသော မြက်ခင်းလေးကို ဖြတ်ချက် အိမ်ဆီသို့ သူမပြန်ပြေးလာခဲ့တော့သည်။ ပြတင်းပေါက်ကိုဖြတ်၍ မိခင်နှင့် အစ်မ ဖြစ်သူတို့ကို မြင်နေရသည်။ အဲသည်အချိန်မှာ ...သူတို့နှစ် ယောက် အဖို့တော့ သူမကို သိမြင်နားလည်နိုင်စွမ်း ရှိခဲ့ကြမည် မဟုတ် ပါ။

သူမချစ်သူ၏ "ထူးဆန်းသော သဘာဝမဟုတ်သော ကတိတောင်းဆိုမှု က သူမနှင့် အခြား လူသားတို့အကြား ခြားနားသော အပြောင်းအလဲတစ်ခု ဖြစ်သွားစေသလိုမျိုး ခံစားရ၏ ။ အဲသည်က ကတိက သူမ၏ ဝိညာဉ်၊ သူမ၏ ရှင်သန်မှု ၊ သူမ၏ လူ့ဘဝတစ်ခုလုံးကို ပုံပေးလိုက်ရသလိုမျိုး၊ မည် သည့် ပေးဆပ်မှု ကမှ သူမကို တခြားလူတွေ နှင့် သည်လို သူစိမ်းပြင်ပြင် ကွာလှမ်းနေရသည့် အ ဖြစ်၊ ဆုံးရှုံးကျိန်စာသင့်နေရသည့် အ ဖြစ်မျိုးကို ရောက်ရှိစေနိုင်လိမ့်မည် မဟုတ်ဟု ခံစားနေရ၏ ။

အဲသည်လို အတိတ်နိမိတ်မကောင်းသည့် ကတိသစ္စာတစ်ခုကို သူမပြုမိခဲ့ဖို့ မသင့်ပါ။

နောက်.. လပေါင်းအတော် ကြာပြီးချိန်တွင် သတင်းတစ်ခု ရောက်လာ၏ ။ သူမချစ်သူသည် စစ်ပွဲအတွင်း ပျောက်ဆုံးနေသည်။ အသတ်ခံရပြီဟု ယူဆရသည့်အကြောင်းပင် ဖြစ်သည်။

သူမ မျက်နှာတစ်ချက်မှ မပျက်ခဲ့။

သူမ၏ မိသားစုကလည်း သည်အတွက်ဝမ်းမနည်း၊ သူမအတွက် ယောက်ျား

တစ်ယောက် (သူတို့ဘာမှ ရေရေရာရာ သိမထားရသည့် လူ တစ်ယောက် သေဆုံးရခြင်းမှာ ဘာကြောက်ကွဲစရာမှ အကြောင်းရှိမနေပါ၊ ထို့ကြောင့် သူတို့က သူမ၏ တုန်လှုပ်ဟန်မပြသည့်သတ္တိကို ဝိုင်း၍ ပင် ချီးကျူး ကြသေးသည်။)

တစ်မိသားစုလုံးက နောင်.. တစ်နှစ် တန်သည်။ နှစ် နှစ် တန်သည်.. စသည်ဖြင့် ကြာမြင့် သွားခဲ့ပြီလျှင် သူမအနေဖြင့် ဖြေဆည်ရာ ရသွားလိမ့်မည် ဟုသာ အောက်မေ့ထားခဲ့ကြ၏ ။

ဖြေဆည်နှစ် သိမ့်ဖို့ဆိုလျှင်တော့ အရာရာဟာ အခုထက်ပိုပြီး ဖြောင့်ဖြောင့်ဖြူး ဖြူး ပျက်ခဲ့ဖို့ ကောင်းတယ်မဟုတ်လားဆိုသည့် မေးခွန်းသာမေးရန် ရှိတော့သည်။

သူမ၏ ဒုက္ခ ကတော့ (အနည်းအပါးမျှသာ ကြေကွဲပူဆွေးမှု နောက်ကွယ်မှာ ) အရာရာနှင့် သဘာဝမကျစွာ လုံးဝနေရာလွဲချော်မှာ းယွင်းရခြင်းပင် ဖြစ်၏ ။

နှစ် ပေါင်းအတော် ကြာသည်အထိ သူမမှာ နောက်ထပ် ချစ်သူရှိမလာခဲ့ပါ။ သူမအနေဖြင့် ယောက်ျားတို့အတွက် ဆွဲဆောင်ရာမဲ့နေခဲ့၏ ။

အသက် (၃၀) နားနီးလာချိန်မှာ တော့ သည်ကိစ္စနှင့် ပတ်သက်ပြီး မိသားစု၏ စိုးရိမ်ပူပန်မှု ကို မျှဝေခံစားနားလည် ပေးနိုင်လောက်သည်အထိ သူမစိတ်တွေ ဆောက်တည်ရာရလာခဲ့ပြီ ဖြစ် ဖြစ်သည်။ (သဘာဝမကျသော သူမချစ်သူဟောင်း၏ ကတိစကားအရိပ်မှ လွတ်မြောက်ကာ) သူမ ကိုယ်သူမ သဘာဝကျကျ ရှင်သန်နေစေနိုင်ခဲ့ပြီ။

ထို့ကြောင့် သူမအသက် (၃၂) နှစ် တွင် ဝီလျံဒရိုဗာနှင့် လက်ထပ် ဖြစ်ပြီးနောက် ရင်ထဲက ဝေဒနာတွေ ပျောက်ကင်း သက်သာသွားကြောင်းတွေ ့ရသည့်အခါ ကိုယ့်ကိုယ်ကိုယ်ပင် စိတ်ဆိုးရ မလို။ ဒေါသ ဖြစ်ရမလို ခံစားရလေသည်။

ဝီလျံဒရိုဗာကို လက်ထပ်ပြီးနောက် ကင်ဆန်တန်ဒေသရှိ ဆိတ်ငြိမ်၍ လူသန့်သော ရပ် ကွက်မှာ သူတို့ဇနီးမောင်နှံ အခြေချကြ၏ ။ အဲသည်မှာ ပဲ နှစ် တွေ အတော် ကြာအောင် နေ ဖြစ်ခဲ့လေ သည်။ သားတွေ သမီးတွေ ထွန်းကားလာသည့်အထိပင်။ နောက်တော့.... ဒုတိယအကြိမ်စစ်ကြီး ဖြစ် လာပြီး ဗုံးဒဏ်ကြောင့် ကျေးလက်ဒေသဘက်

ရွှေ့ပြောင်းနေထိုင် ဖြစ်ခဲ့ကြသည်။

သူမ၏ အသက်ရှင်လှုပ်ရှားမှု များ ကတော့ မစ္စက်ဒရိုဗာဘဝနှင့် နေသားတကျကြနေ့သတ် လည်ပတ်နေလေပြီ။ တစ်စုံ တစ်ယောက် ၏ စောင့်ကြည့်ခံနေရသလိုမျိုး နောက်ကျောမလုံသည့် စိတ်ခံစားမှု ကိုလည်း သူမ မေ့ပျောက်ချွတ်ခွာထားနိုင်ခဲ့လေပြီ။

*****

သူမကို ခြိမ်းခြောက်ဖို့ ဒီစာကိုပို့လိုက်ခြင်း ဖြစ်ပေမည် ။ အခန်းလွတ်ဟာလာဟင်းလင်းဆီ ကျောပေးပြီး ဒီအတိုင်း ဒူးထောက်နေရမည် ကို သူမစိတ်မရဲတော့။ နံရံကို ကျောမှီထားသည့် စာကြည့်ကုလားထိုင်ပေါ် သွားထိုင်ရန် သေတ္တာကြီးရှေ့မှ သူမထရပ်လိုက်၏ ။

သူမအိပ်ခန်းဟောင်း၏ ယခင်အတိုင်း သမားရိုးကျဆန်မှု တွေ ...၊ ပြီးတော့ သူမလက်ထပ်ခဲ့ ရာ ဟောသည့်အိမ်ကြီး၏ အငွေ့အသက် အလုံးစုံတို့သည် အက်ရာကွဲကြောင်းတွေ ထနေသည့် ပန်းကန်ခွက်တစ်ခုလုံးလို...၊ အဲသည် ပန်းကန်လုံးထဲက သတိရလွမ်းဆွတ်စရာ ဘယ်ရောက်ကုန် ပြီလဲ..။ အငွေ့ပျံသွားကြတာ ဖြစ်ချင် ဖြစ်မည် ။ ဒါမှမဟုတ် ပန်းကန်လုံး အက်ကွဲကြောင်းတွေ ထဲက နေ စိမ့်ယိုထွက်သွားကြတာလည်း ဖြစ်ကောင်း ဖြစ်မည် ။

ဒါဟာ.. အကျဉ်းအကျပ်တစ်ခုကို စီရင်ဖန်တီးခဲ့တာပါပဲ။

အရင်းစစ်ကြည့်လိုက်လျှင်တော့ ဟောသည်အ ဖြစ်ရဲ့ လက်သည်ဟာ ဒီစာကို သူမထံရေး ပို့လိုက်သူပါပဲလေ...။

သည်ညနေခင်းမှာ နှစ် အဆက်ဆက်တည်ခဲ့ရှိခဲ့သော ဖြေသံများ၊ စကားပြောသံများ၊ အလေ့အထ ဖြစ်နေသော လှုပ်ရှားမှု များ အားလုံး ပျောက်ကွယ်ပြီးဆုံးခဲ့ပြီ ဖြစ်ကြောင်းကို ဟော သည်အိမ်ကြီး၏ ဟောင်းလောင်းပေါက်ဆန်ဆန် သွေ့ခြောက်နေမှု က

ဖော်ပြလျက်သားရှိ၏ ။

ပိတ်ထားသော ပြတင်းပေါက်တို့ကို ဖြတ်လျက် ခေါင်းမိုးပေါ် ရွာကျနေသည့် မိုးစက်တို့၏ အသံ သူမကြားနေရသည်။ သူမ စိတ်ကိုပြန်တည်ငြိမ်စေရန်မိအောင် ကြိုးစားသည်။ ငါ.. စိတ်ကူး ထဲမှာ အိပ်မက်မက်ပြီး မှောပါနေမိတာ ဖြစ်မှာ ပါလေ။ တကယ်တော့ ဒီစာဟာ ငါ့စိတ်ရဲ့ ထင် ယောင်ထင်မှာ းပုံရိပ်တစ်ခုပါ။ တကယ်မရှိပါဘူး.. ဟု သူမကိုယ်သူမ ပြန်ပြောရင်း မျက်လုံးများ ကို နှစ် စက္ကန့်သုံးစက္ကန့်မျှ ပိတ်ထားမိသည်။

သို့သော် မျက်လုံးများ ကို ပြန်ဖွင့်လိုက်သော အခါ ...၊ စာက အိပ်ရာပေါ်တွင် တင်လျက်သား ပင် ရှိနေသေး၏ ။

ဒီစာဟောသည့်အခန်းထဲ ရောက်နေပုံကိုက သဘာဝလွန်ကိစ္စတစ်ခု ဖြစ်မှန်းမတွေ မိအောင် သူမစိတ်ကို အတင်းချုပ်ထားရသည်။

ဒီနေ့ပ ဟောသည့်အိမ်ကို သူမလာမယ်ဆိုတာ ဘယ်သူသိသလဲ?။ အိမ်ထိန်းသန့်ရှင်းရေး အလုပ်သမားဆိုလဆင် သူမအလာကို မျှော်လင့်ပြီးစာကို ဒီနေရာမှာ ချန်ထားခဲ့ရန် ဘာအကြောင်း မှ မရှိ။ အိတ်ထဲတည့်ယူသွားပြီး သူအားလပ်သည့်အခါ စာတိုက်မှ ပို့လိုက်ရုံသာရှိသည်။ နောက် ပြီး.... ဒီအိမ်ထဲကို အိမ်ထိန်းအလုပ်သမား ဝင်ခဲ့ဟန် ဘာလက္ခဏာမှာ မတွေ့ရပါ။

လူသူမနေသော အိမ်များ ၏ တံခါးဝတွင် ချထားခဲ့သည့် စာများ သည် ခန်းမထဲရှိ စားပွဲ ပေါ်ရောက်အောင် သူတို့ဘာသာသူတို့ လမ်းလျှောက်သွားကြတာမျိုး (သို့မဟုတ်) ပျံဝဲသွားကြ တာမျိုးတော့ မ ဖြစ်တန်ရာ။ လူ တစ်ယောက် ယောက် ကိုင်တွယ်ပြီး လာထားသည်ပဲ ဖြစ်ရမည် ။

သို့သော် ခက်နေသည်က အိမ်ထိန်းအလုပ်သမားမှလွဲ၍ မည် သူ့ထံမှာ မှ သော့ မရှိ။

သော့ မရှိဘဲနှင့် ကော အိမ်တစ်အိမ်ထဲကို ဝင်လို့မရနိုင်ဘူးလား။ သည်အတိုင်းဆို ဟောဒီ အိမ်ထဲမှာ သူမအပြင်တစ်စုံ တစ်ယောက် ရှိနေနိုင်ပေသည်။

အခုလောက်ဆို အောက်ထပ်မှာ မျှား သူမကို ထိုင်စောင့်နေလေမလား။ စောင့်နေရင်း...။ ဘယ်အချိန်ရောက်အောင် စောင့်နေရတာ လဲ။

"ချိန်းထားတဲ့အချိန်..." ထိအောင်မျှား စောင့်ဆိုးနေတာလား။ အနည်းဆုံးတော့ ထိုအချိန် သည် ခြောက်နာရီကိုဆိုလိုခြင်းမဟုတ်သည်မှာ သေချာ၏ ။ ခြောက်နာရီက ထိုးပြီးသွားပြီလေ...

သူမ ကုလားထိုင်ပေါ်မှ ထလိုက်၏ ။ ခပ်သုတ်သုတ်သွားပြီး တံခါးကို သော ခတ်လိုက်သည်။ ပြဿနာက ဒီအိမ်ထဲမှ သူမ ထွက်ခွာနိုင်ဖို့ ဖြစ်၏ ။ မိုးပေါ်က ပျံသွားရမှာ လား...ဟင့်အင်း၊ ရထား မီအောင်တော့ သွားမှ ဖြစ်မည် ။

အိမ်ထောင်ရှင် မိန်းမ တစ်ယောက် အတွက်အဲသည် မိန်းမ၏ လုံးဝဥဿုံ မှီခိုနိုင်စွမ်းသည် မိသားစု၏ ဘဝပင် ဖြစ်သည်။ အဲသည်လို မိန်းမ တစ်ယောက် အနေဖြင့် ဆိုလျှင်တော့ သူမ၏ ကျေး လက်အိမ် ကလေးဆီသူမ၏ ခင်ပွန်းဆီ ကလေးတွေ ဆီ ပြန်သွားဖို့ရန် အလဟဿ မလိုလားပါ။

လုပ်လက်စအလုပ်ကို ဆက်လုပ် ရန် သေတ္တာကြီးဘေးတွင် ထိုင်ချလိုက်သည်။ ယူစရာရှိ သည့်ပစ္စည်းများ ကို စိတ်ထင်ရာ ခပ်မြန်မြန် ဆုံးဖြတ်ပြီး အထုပ်အပိုးကလေးတွေ ဖြစ်အောင် ထုပ် လိုက်လိုက်သည်။ အဲသည်အထုပ်အပိုးတွေ နှင့် အ စကဈေးဝယ်ရာမှပါလာသည့် ပစ္စည်းထုတ် များ ကို ပေါင်းလိုက်လျှင် အတော် များ နေပြီ။ သည်အတိုင်း သယ်သွားဖို့မလွယ်တော့။ တက္ကစီငှား မှ ဖြစ်မည် ။

ဟုတ်တာပေါ့.. ငါ အခုတယ်လီဖုန်းဆက်ပြီး တက္ကစီတစ်စီး လှမ်းခေါ်လိုက်မယ်။ တက္ကစီက သိပ်အစောကြီးတော့ ရောက်နိုင်မှာ မဟုတ်သေးဘူး။ အိမ်ရှေ့မှာ ကားရပ်သံ ကြားရပြီဆိုမှ.. ဒီ အခန်းထဲက ငါထွက်မယ်။ ပြီး.. အောက်ထပ်ဆင်း၊ ဒါဆို .. ခန်းမကြီးထဲက ဖြတ်လျှောက် ပြီး အိမ်ပြင်ထွက်လို့ရပြီပေါ့။ ငါ...ဖုန်းဆက်မှာ ပဲ။ အို...ဟင့်အင်း. တယ်လီဖုန်းဖြတ်ထားပြီးပြီပဲ။

သွားပြီ။

စိတ်ကူးထဲမှာ ဒီလောက်အဆင်ချောနေပြီးခါမှ ဆင်ပြောင်ကြီးအမြီးကျမှ တစ်ရတယ်လို့။

ဒီအိမ်ထဲက လွတ်မြောက်အောင် ဘယ်လိုထွက်ပြေးရပါ့မလဲဟု သူမစဉ်းစားသည်။ "သူ" က ငါ့ကို ဘယ်တုန်းကမှ ကြင်နာခဲ့ဖူးတာ မဟုတ်ဘဲလေ။ ဟုတ်ပါတယ်။ ငါ့ကိုသူ ကြင်ကြင်နာနာ နဲ့ ဆက်ဆံခဲ့တာဆိုလို့ တစ်ခါမှ ငါပြန်စဉ်းစားလို့ မရဘူး။ အမေကတောင် ပြောသေးတယ်။ ...နင့်ကို ယောကျ်ားက နင့်ကို ဘယ်တုန်းကမှ ထည့်စဉ်းစားတာမဟုတ်ဘူး...တဲ့။

သူ ငါ့အပေါ်ထားတဲ့စိတ်က ..အဲဒါ "အချစ် " တော့မဟုတ်ဘူး။ သူ...ငါ့ကို ကောင်းသော ချစ်ခြင်းနဲ့ မချစ်ခဲ့ ပါဘူးလေ။ တကယ်ချစ်ရိုးမှန်ရင် ငါ့ကို ဘာ ဖြစ်လို့ ဟို "ကတိ" ကို ပေးခိုင်းရတာ လဲ။ သူ...ဘာလုပ်ခဲ့တာလဲ ငါမမှတ်မိတော့? ငါမမှတ်မိတော့ဘူး။

သို့သော် သူမ မှတ်မိနေဆဲပင် ဖြစ်ကြောင်း တွေ့ရပေသည်။ သူမ မှတ်မိနေသည်။ လွန်ခဲ့ သည့် (၂၅) နှစ် ကတည်းက မီးခိုးငွေ့ မီးခိုးမှိုင်းတွေ လို ပျံလွင့်ပျောက်ဝင်သွားခဲ့သည့် ကြောက်မက် ဖွယ်ကောင်းသော စူးရှထက်မြက်မှု တစ်ခုကို သူမမှတ်မိနေသေးသည်။ နောက်... သူမ၏ လက်ဖ ဝါးပေါ်မှာ ကျန်နေရစ်ခဲ့သော ကြက်သီးဖုဒဏ်ရာလေးကို စိတ်ညို့ခံရသူ တစ်ယောက် လို ရှာကြည့် နေမိသည်။

သူမမှတ်မိနေသည်။ "သူ" ပြောခဲ့သည့် စကားတွေ အားလုံးကိုသာမက အဲသည့် ဩဂုတ် လရက်များ အတွင်းက သူမဘဝရှင်သန်ခြင်းရင်မောရသော လုံးလုံးလျားလျားမသေချာမှု ကိုပါ ပြန် သတိရမှတ်မိနေခြင်း ဖြစ်၏ ။ ငါဟာ ငါမဟုတ်ဘူး။ အဲဒီ ကတည်းက သူတို့အားလုံးက ငါ့ကို အဲသည် လို ပြောခဲ့ကြတာပဲ။ သူမ မှတ်မိနေသည်။ သို့သော် ..အရာရာအားလုံးထဲတွင် ဓာတ်ပုံပေါ်အက်စစ် အစက်ကျပြီး လောင်ကျွမ်းထားသော ကြောင့် အဖြူရောင် ကွက်လပ်တစ်ခု ဖြစ်ကျန်နေသလိုမျိုး လစ်ဟာနေ၏ ။ "သူ့မျက်နှာ" ကို မမှတ်မိ။

အဲဒီ တော့ သူဘယ်နေရာမှာ လဲ စောင့်နေစောင့်နေ ငါက "သူ့" ကို သိမှာ

မှမဟုတ်တာ။ မင်းမျှော်လင့်မထားတဲ့မျက်နှာတစ်ခုဆီကနေ ထွက်ပြေးဖို့ မင်းမှာ အချိန်သိပ်မရှိတော့ဘူး။

ပြဿ နာက..

(ချိန်းထားတဲ့အချိန် ဖြစ်ကောင်း ဖြစ်နိုင်မည် ) နာရီမထိုးခင်မှာ တက္ကစီတစ်စီးပေါ်ရောက်နေ ဖို့ပဲ ဖြစ်သည်။ (ဘယ်နှာနာရီမှန်းတော့မသိ)

စိတ်ကူးက.. သူမလမ်းပေါ်ဆင်းသွားလိုက်မည် ။ နောက်.. လမ်းထောင့်ရင်ပြင်ကွက်လပ် ကိုပတ်ကာ လမ်းမကြီးနှင့် ဆက်နေရာဘက်ဆီ တိတ်တဆိတ်ပြေးသွားပြီ တက္ကစီတစ်စီးငှားမည် .. ဒါဆို အန္တရာယ်ကင်းပြီပေါ့။

အိမ်ထဲပြန်ဝင်သည့်အခါ အထုပ်အပိုးများ ကို သယ်ပိုးတက္ကစီဒရိုင်ဘာကိုပါ ခေါ်လာလိုက် မည် ။ အဲသည်စိတ်ကူးက သူမဆုံးဖြတ်ချက်ကို အတည် ဖြစ်သွားစေခဲ့၏ ။

ဟုတ်ပြီအဲဒီ အတိုင်းလုပ်မယ်။

တံခါးသော့ ကို သူမဖွင့်လိုက်သည်။ နောက်..လှေကား ထပ်ဆီသို့ပြေးသွားပြီး အောက်ထပ် မှအသံကို နားထောင်၏ ။ ဘာသံမှ မကြားရ။

သို့သော် .. အဲသည်အခိုက်မှာ ပင် လှေကားတစ်လျှောက်ရှိ ပုပ်ရိအိုဆွေးနေသော လေထုထဲ သို့ လေစိမ်းတစ်ဝေ့တိုးဝင်လာပြီး သူမမျက်နှာကို ဟပ်သွား၏ ။ အောက်ထပ်မှလာသော လေစီး ကြောင်း ဖြစ်သည်။ အောက်ထပ်တွင် တံခါးသို့မဟုတ် ပြတင်းပေါက်တစ်ခုခုသည် အိမ်ထဲက ထွက် ခွာသွားရန် ဟောသည့် အခိုက်အချိန်ကလေးကို တမင်ရွေးချယ်ခဲ့သူ တစ်ယောက် ယောက် ကြောင့် ပွင့်နေခဲ့ခြင်း ဖြစ်မည် ။

မိုးတိတ်သွား။ လူသွားလမ်းကျဉ်းကလေးများ သည် ရေငွေ့ဖြင့် တောက်ပနေကြသည်။

မစ္စက်ဒရိုဗာသည် အိမ်ရှေ့တံခါးမမှထွက်ကာ လူသူကင်းရှင်းနေသည့်

လမ်းသွယ်ပေါ် ရောက်လာ၏ ။ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် လူမနေသည့် အိမ်လွတ်များ ရှိရာ လှမ်းကြည့် လိုက်သည့်အခါ သူမ၏ မျက်ဝန်းများ နှင့် ထိုအိမ်တို့၏ ပျက်စီးယိုယွင်းနေသော ပြတင်းပေါက်တို့ အကြည့်ချင်းဆုံသွားသည်။

ဟာလာဟင်းလင်းလမ်းဆီမျက်နှာမူထားပြီး တက္ကစီတစ်စီးတလေတွေ့မလားဟု ရှာလိုက် ၏ ။ သူမနောက်ကျောဘက်ဆီ ပြန်လှည့်မကြည့်မိစေရန် မနည်းအားတင်းထားရသည်။ တိတ်ဆိတ် မှု က သိပ်သည်းစေးပျစ်လွန်းနေ၏ ။ (စစ်ဘေးစစ်ဒဏ် အပျက်အစီးများ ကြောင့်) ဒီနှစ် နွေရာသီကျမှ လန်ဒန်မြို့ ရှိ လမ်းကျဉ်းကလေးများ ၏ တိတ်ဆိတ်ခြောက်ကပ်မှု က ပို၍ သည်းထတ်ဆိုးရွားနေလေသည်။

လမ်းထောင့်ရင်ပြင်ကွက်လပ်ဆီရောက်ပြီး လူတွေ သွားလာနေကြသည်ကို မြင်လိုက်ရ တော့မှပင် သူမ၏ ခြေလှမ်းတွေ သဘာဝမကျပုံကို ပြန်သတိပြုမိပြီး အသိဝင်လာလေသည်။ ရင် ပြင်ကွက်လပ်၏ ဖွင့်ထားသော တစ်ဖက်စွန်းဆီကူးသွားလိုက်သည်။ ဘတ်စ်ကားနှစ် စီး တစ်စင်းနှင့် တစ်စင်း ဖြတ်သန်းသွားကြ၏ ။ အမျိုးသမီးကြီးတွေ ၊ ကလေးစီးတွန်းလှည်းကလေးတစ်စီးရှိသည်။ မော်တော် ဆိုင်ကယ်စီးသူတွေ လည်းရှိသည်။ လူ တစ်ယောက် တွန်းလှည်းကလေးတစ်စီးကို တွန်း လာရင်းလက်ဖြင့် အချက်ပြနေ၏ ။ အားလုံးဟာ နဂိုအတိုင်းပါပဲ။

ရင်ပြင်ကွက်လပ်၏ လူအစည်ကားဆုံးနေရာ ဖြစ်ပေလိမ့်မည် ။ အဲသည်မှာ တက္ကစီတွေ ရပ် နားထားရာအတန်းလည်းရှိ၏ ။ ဒီညနေအဖို့တော့ တက္ကစီတစ်စီးသာရှိနေသည်။ ခရီးသည်မရှိသေး သော နောက်ခန်းအလွတ်ကို မြင်ရသည်။ သူမအလာကို နီးနီးကြားကြား စောင့်နေပုံမျိုးနှင့် ပင် တူ နေသေးတော့၏ ။

တကယ်ပဲ ထင်မယ်ဆိုထင်လောက်၏ ။ သူမက အမောတကောဖြင့် ကားနောက်ခန်းထဲ ပစ် ထိုင်ချလိုက်ပြီး တံခါးပိတ်ရန် လက်တင်လိုက်သည်နှင့် တစ်ပြိုင်နက် ဒရိုင်ဘာက ဟိုဟိုသည်သည် ကြည့်မနေဘဲ ကားစက်နိုးလေသည်။ အဲသည်အချိန်မှာ ပင် ခုနစ်နာရီ ထိုးသံကြားရ၏ ။

တက္ကစီက လမ်းမကြီးဆီမျက်နှာမူလိုက်သည်။ သူမအိမ်ဘက်ရှိရာဆီ သွားရန်ပြန်ကွေ့ရ ဦးမည် ဖြစ်၏ ။ သူမက ကားကူရှင်ပေါ် ကျောမှီချလိုက်သည်။ ကားက တွေ့လိုက်ပြီ။ အဲသည် အခိုက်အတန့်လေးမှာ ပင် သူမသိလိုက်ပြီး အံ့အားသင့်သွား၏ ။ “ဘယ်ကိုသွားမည် ” ဆိုသည်ကို ပြောမှမပြောရသေးဘဲနဲ့....

ဒရိုင်ဘာ၏ ဦးခေါင်းနှင့် ခရီးသည်အခန်းကို ပိုင်းခြားထားသည် မှန်ချပ်ကို ကုန်ရန် သူမခန္ဓာ ကိုယ်ရှေ့ပိုင်းကို ညွတ်ကိုင်းလိုက်သည်။

ဒရိုင်ဘာက ဘရိတ်ကို ကားရပ်သွားလုနီးနီး ဖြစ်အောင် နင်းလိုက်ပြီးခေါင်းကို နောက်လှည့် ကာ မှန်အကာကို နှိမ့်ချသည်။ ဘရိတ်ကို ဆောင့်အုပ်လိုက်သလို ဖြစ်သွားသော ကြောင့် မစ္စက်ဒရိ ဗာ အရှိန်လွန်ပြီး မျက်နှာနှင့် မှန်ချက်ထိလုမတတ် ဖြစ်သွား၏ ။ ကားမောင်းသူနှင့် သူမတို့ မျက်နှာ ကြား ခြောက်လက်မပင်မကွာတော့။ မျက်လုံးမျက်လုံးချင်း ဆိုင်မိလျက်သား။

မစ္စက်ဒရိဗာထံမှ ပထမဦးဆုံး စူးစူးရှရှအော်ဟစ်လိုက်သံ ထွက်ပေါ်မလာနိုင်ခင် စက္ကန့် အတော် ကြာအောင် ပါးစပ်တွဲ လောင်းကျကာဟလျက် ဖြစ်နေ၏ ။ နောက်တော့ သူမဆက်ကာ ဆက်ကာ ငယ်သံပါအောင် အော်တော့သည်။ မှန်ချပ်ကို လက်ဖြင့် ထုရိုက်သည်။ တက္ကစီ ကတော့ အကြွင်နာကင်းမဲ့စွာ ဖြင့် အရှိန်ကို မြှင့်တင်လိုက်ပြီး လူသူကင်းမဲ့သော လမ်းသွယ်များ ထဲသို့ သူမကို တင်ဆောင်ကာ တစ်ဟုန်ထိုး မောင်းဝင်သွားလေသည်။

# မိစ္ဆာအိမ်

A Haunted House (Virginia Woolf)

ခင်ဗျားတို့ အိပ်ရာက ဘယ်နနာရီမှာ ပဲနိုးနိုး၊ တံခါးတစ်ချပ် ကတော့ ပိတ်လျက်သားရှိနေခဲ့ ပဲ။ အခန်းတွေ တစ်ခန်းကနေ တစ်ခန်းသူတု့ လျှောက်သွားခဲ့ကြတယ်။ နှစ် ယောက် သား လက်ချင်း တွဲ လို့ ဒီမှာ (အဖုံးကို) မလျက်သား၊ အဲဒီ မှာ (အဖုံးကို) ဖွင့်လျက်သား၊ သေချာအောင် လျှောက် လုပ်နေကြတာ တစ္ဆေသရဲလိုလို စုံတွဲ တစ်တွဲ ပါပဲ။

"ကျွန်မတို့ အဲဒီ ဟာကို ထားပစ်ခဲ့ကြတာ ဒီနေရာပဲ"

လို့ အမျိုးသမီးက ပြောလိုက်တယ်။ အမျိုးသားဖြည့်ပြောလေရဲ့ ။

"အင်း၊ ဒီနေရာမှာ ကောပဲလေ"

အမျိုးသမီးက...

"အပေါ်ထပ်မှာ ရှိတယ်"

တိုးတိုးညှင်းညှင်း ပြောတယ်။ အမျိုးသားက..

"ပြီးတော့ ပန်းခြံထဲမှာ ကောပဲ"

ပြောတဲ့အသံက တီးတိုးလေသံကလေး။ သူတို့နှစ် ယောက် က သူတို့ကို နှိုးလိုက်သလို ဖြစ်သွားဦးမယ်"

ဒါပေမဲ့ ကျုပ်တို့ကို ခင်ဗျားတို့ နှိုးလိုက်တယ်ဆိုတာတော့ မဟုတ်ခဲပါဘူး၊ ဟင့်အင်း၊ ဟုတ် ကို မဟုတ်ဘူး။

"သူတို့ အဲဒီ ဟာကို ရှာနေကြတာ။ ကားလိပ်ကန့်လန့် ကာကို သူတို့ဆွဲပြီးမိတော့မယ်"

တစ်ယောက် က ပြောလိုက်ပုံပဲ။ ပြီးတော့ စာမျက်နှာ တစ်မျက်နှာ၊နှစ် မျက်နှာ

ဆက်ဖတ် ကြ။

“ဟော သူတို့ အဲဒီ ဟာကို တွေ့သွားခဲ့ပြီကြပြီပဲ”

တစ်ယောက် က သေချာပေါက်၊ စာအုပ်ဘေးမျဉ်းပေါ်မှာ ခဲတံကိုရပ်လို့။

နောက်တော့ စာဖတ်ရတာ ငြီးငွေ့သွားကြပြီး တစ်ယောက် က မတ်တပ်ထရပ်လိုက်တာ ဖြစ် ကောင်း ဖြစ်ခဲ့ပါလိမ့်မယ်။ ကြည့်လိုက်တော့ အိမ်တစ်အိမ်လုံး ဟာလာဟင်းလင်း..။ တံခါးတွေ က လည်း ပွင့်လျက်သား။ တံခါးထောင့်ချိုး သစ်သားက စိတ်ရှိလက်ရှိ ပလုံစီမြည် နေတာ။ လယ်ကွင်း ဆီက တုန်ခါနေတဲ့ စက်တစ်ခု တဝီဝီမြည် နေတာပဲ ရှိတယ်။

“ဒီနေရာကို ငါဘာအတွက် ရောက်လာခဲ့ရတာ လဲ။ ငါ ရှာတွေ့ချင်နေတာက ဘာလဲ”

ကျပ်လက်တွေ ထဲမှာ တော့ ဘာမှမရှိဘူးနော်။

“ဒါဖြင့် အဲဒီ ဟာက အပေါ်ထပ်မှာ ရှိတယ်ပေါ့လေ”

အိမ်ပေါ်အထပ်ခိုးထဲမှာ ပန်းသီးတွေ ရှိတယ်လေ။ ပြီးတော့ အောက်ကိုတစ်ခါပြန်ဆင်းခဲ့ကြ ပြန်ရော။ ဥယျာဉ်က ခါတိုင်းလိုပဲ။ တိတ်တိတ်ဆိတ်ဆိတ်ငြိမ်ငြိမ်သက်သက်၊ မြက်ပင်တွေ ထဲမှာ အမှတ်တမဲ့ ကျနေရစ်ခဲ့တဲ့ စာအုပ်ပဲရှိတယ်။

ဒါပေမဲ့ သူတို့က အဲဒီ ဟာကို ပုံဆွဲခန်းထဲမှာ တွေ့သွားခဲ့ကြပြီးပြီပေါ့။ သူတို့ကို တစ်ယောက် ယောက် က တွေ့လို့မြင်လို့ ရနိုင်တာမဟုတ်ခဲ့တာ။ ပြတင်းပေါက်မှန်တွေ ပေါ်မှာ ပန်းသီးတွေ အရိပ် ထင်နေခဲ့တယ်။ နှင်းဆီပန်းတွေ အရိပ်ထင်နေခဲ့တယ်။ သစ်ရွက်တွေ အားလုံးက မှန်ထဲမှာ စိမ်းလို့။ ပုံဆွဲခန်းထဲမှာ သူတို့လှုပ်ရှားခဲ့ကြရင်း ပန်းသီးက မှန်ထဲမှာ စိမ်းလို့၊ ပုံဆွဲခန်းထဲမှာ သူတို့လှုပ်ရှားခဲ့ ကြရင်း ပန်းသီးအဝါရောင် ဘက်ခြမ်းကို ပြောင်းရော၊ နောက်တော့ တဒင်္ဂ (တံခါးကလည်း ဖွင့်နေခဲ့ ရင်)ပေါ့။ ကြမ်းပေါ်ပြန့်ကျဲ နံရံတွေ

ပေါ်မှာ တွဲ လောင်းချိတ်၊ မျက်နှာကြက်ကနေ ပန်းဆိုင်း စီတွဲ ကျ ဘာလဲကွယ်?၊

ကျုပ်လက်တွေ ထဲမှာ တော့ ဘာမှမရှိဘူး။ မြေတူးငှက်တစ်ကောင်ရဲ့ အရိပ်က ကော်ဇော ပေါ် ကန့်လန့်ဖြတ်ကျနေလေရဲ့။ တိတ်ဆိတ်ခြင်းရဲ့ အနက်ရှိုင်းဆုံး တွင်းတွေ ဆီကနေ သစ်သား ထောင့်ချိုးပလုံစီမြည် သံဟာ ပွတ်တိုက်ဆွဲထွက် လာတော့တယ်။

"အွန္တရာယ်ကင်းပြီ၊ အွန္တရာယ်ကင်းပြီ၊ အွန္တရာယ်ကင်းပြီ"

အိမ်ရဲ့ သွေးခုန်နှုန်းက နူးနူးညံ့ညံ့။

"မြှုပ်နှံထားတဲ့ ရတနာ၊ အခန်း...."

သွေးခုန်ချက် ခဏရပ်တန့်သွားတယ်။ အို.... မြှုပ်နှံထားတဲ့ ရတနာလား။

နောက်... ခဏနေတော့။ အလင်းရောင် မှေးမှိန်သွားတယ်။ ဒါဖြင့် အပြင်က ဥယျာဉ်ထဲမှာ လား? နေရောင် ခြည်က ခြေဦးတည့်ရာ ခရီးဆက်လေရော။ ဒီတော့ သစ်ပင်တွေ က အမှော င်ထုကို သိမ်းကျုံးရစ်ငင်လေတော့ရဲ့။ သိပ်ပြီးတော့ နူးညံ့လှပ၊ သိပ်ပြီးတော့ ရတောင့်ရခဲ၊ ကျုပ်အမြဲတမ်း ဖမ်းယူရှာဖွေဆုတ်ကိုင်ခဲ့ (မှန်သားပြင်နောက်မှာ လောင်ကျွမ်းသွားခဲ့တဲ့) နေရောင် တန်းကို မြေ သားမျက်နှာပြင်အောက်မှာ အေးစက်စက် မြှု ပ်နှံခဲ့။

သေခြင်းတရားဟာ မှန်သားပြင်တစ်ချပ်ပါပဲ။ သေခြင်းတရားဟာ ကျု ပ်တို့ကြားထဲမှာ ရှိ တယ်။ မိန်းမသားဆီကို အရင်လာဖို့ရှိပေတယ်။ လွန်ခဲ့တဲ့ နှစ် ပေါင်းများ စွာ ၊ အိမ်ကို စွန့်ခွာလို့ ပြ တင်းပေါက်တွေ ကို ပိတ်လျက်သား၊ အခန်းတွေ ဟာ မှော င်မိုက်။

သူက အဲဒီ ဟာကို စွန့်ထားပစ်ခဲ့တယ်။ သူမကို ထားပစ်ခဲ့တယ်။ မြောက်အရပ်ဆီသွား တယ်။ အရှေ့အရပ်ဆီ သွားတယ်။ ဒက္ခိဏကောင်းကင်ယံမှာ ကြယ်တွေ ပြောင်းလဲ သွားကြတာကို တွေ့ခဲ့တယ်။ အိမ်ကိုရှာဖွေခဲ့၊ လောကဓံအထု အထောင်းတွေ အောက်မှာ ပြုတ်ပျက်ကျနေတာကို ရှာဖွေတွေ့ရှိခဲ့တော့တယ်။

"အွန္တရာယ်ကင်းပြီ၊ အွန္တရာယ်ကင်းပြီ၊ အွန္တရာယ်ကင်းပြီ"

အိမ်ရဲ့ သွေးခုန်သံက ဝမ်းပန်းတသာ။

"မင်းရဲ့ ဥစ္စာ၊ ရတနာလေ"

ရိပ်သာလမ်းတစ်လျှောက်လေက ဟိန်းဟောက်သံပေးပြီး တိုက်ခတ်လိုက်တယ်။ သစ်ပင် တွေ ဟိုယိမ်းဒီယိုင် ကွေးညွတ်ကြ၊ မိုးရေထဲမှ လရောင် က ဖျန်းပက်ဖိတ်လျှံကျလို့။ ဒါပေမဲ့ မီးအိမ် အလင်းတန်း ကတော့ ပြတင်းပေါက်တည့်တည့်မှာ ၊ ဖယောင်းတိုင် တည်တည်ငြိမ်ငြိမ်နဲ့ မတ်မတ် ကြီး လောင်ကျွမ်းနေတယ်။

တရွှေသလိုလို နှစ် ယောက် ကတော့ တစ်အိမ်လုံးအနှံ့ဟိုဟိုသည်သည် လျှောက်သွားရင်း ပြတင်းပေါက်တွေ ကို ဖွင့်ပစ်ရင်း၊ ကျုပ်တို့နိုးမသွားအောင် စကားကို လေသံတိုးတိုး ကလေးတွေ ပြောရင်း သူတို့ရဲ့ ပျော်ရွှင်မှု ကို ရှာဖွေနေကြတယ်။

"ကျွန်မတို့အိပ်ခဲ့တာ ဒီနေရာပေါ့"

လို့ သူမက ပြောတယ်။ နောက် ...အမျိုးသားက...

"မရေမတွက်နိုင်တဲ့အနမ်းတွေ "

"နံနက်ခင်းမှာ အိပ်ရာက နိုးထရင်း"

"သစ်ပင်တွေ ကြားမှာ ငွေလရောင် "

"ဥယျာဉ်ထဲမှာ "

"ဆောင်းနှင်းတွေ ကျချိန်မှာ "

အတော် ဝေးဝေးမှာ နှလုံးခုန်သံလိုမျိုး ညင်ညင်သာသာ တဒုတ်ဒုတ်မြည် ရင်း တံခါးတွေ ပိတ်သွားတယ်။

သူတို့တွေ နီးသထက်နီးလာကြ၊ တံခါးပေါက်ဝနားမှာ ရပ်သွားကြတယ်။ လေတိုက်သံဟာ ပြုလဲကျလေရဲ၊ မိုးကလည်း မှန်ပေါ်ကို ငွေခြည်မျှင်တွေ လျှောကျစီးလာစေတယ်။ ကျုပ်တို့ နံဘေး က ခြေသံတွေ ကို လုံးဝမကြားရဘူး။

တစ္ဆေသရဲဆန်ဆန်ဝတ်ရုံကို ဖြန့်လွှာလိုက်တဲ့ အမျိုးသမီးကို လည်း မမြင်ဘူး။ အမျိုးသားရဲ့ လက်က ဖန်မီးအိမ်ကို ကာတားတယ်။ သူက လေသံတိုးတိုးက လေးနဲ့။

"ကြည့်စမ်း နှစ် နှစ် ဖြိုက်ဖြိုက် အိပ်ပျော်နေလိုက်ကြတာ။ သူတို့နဲ့ နှုတ်ခမ်းသားတွေ ပေါ် "အချစ်"ရှိတယ်"

ယိမ်းထိုးနေတဲ့ ငွေမီးအိမ်ကို ကျုပ်တို့အပေါ်မှာ မြှောက်ကိုင်ထားရင်း၊သူတို့နှစ် ယောက် က ကြည့်လိုက်ကြလေရဲ့ ၊ အကြာကြီး.. နက်နက်ရှိုင်းရှိုင်းကြည့်တာ။

အတော် ကြီးကြာအောင် သူတို့ တိတ်ဆိတ်ငြိမ်သက် ရပ်တန့်နေကြလေရဲ့ ။ လေကတည့် တည့်ကြီးတိုက်နေတာ၊ မှန်အိမ်မီးတောက်က နည်းနည်း ယိမ်းထိုးလာတာပေ့ါ။ လရောင် ရဲ့ အလင်း တန်းရိုင်းရိုင်းတွေ ဟာ ကြမ်းပြင်နဲ့ နံရံနှစ် ခုစလုံအပေါ် ကန့်လန့်ဖြတ်ကျလာတယ်။ ပြီးတော့ (ကျုပ် တို့ကို) ငုံ့ကြည့်နေတဲ့ မျက်နှာတွေ ၊ အိပ်ပျော်နေတဲ့မျက်နှာတွေ ကို ရှာဖွေနေတဲ့မျက်နှာတွေ သူတို့ ရဲ့ ပုန်းလျှိုးပျောက်ကွယ်နေတဲ့ ပျော်ရွှင်မှု ကို ရှာဖွေဖမ်းယူဆုပ်ကိုင်နေတဲ့ မျက်နှာတွေ ပေါ်ကိုလေ။

"အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်း"

အိမ်ကြီးရဲ့ နှလုံးသားက ဝံ့ဝံ့ကြွားကြွားရင်ခုန်လာတယ်။ အမျိုးသားက သက်ပြင်းချသံနဲ့...

"နှစ် တွေ အများ ကြီးကြာပြီးမှ မင်းကိုယ့်ကို တစ်ခါပြန်တွေ ့ရှိလိုက်တာပဲ"

သူမ ညည်းသံတိုးတိုးနဲ့

"ဒီနေရာလေးမှာ အိပ်စက်ကြရင်း..၊ ဥယျာဥ်ထဲမှာ ၊ စာဖတ်ကြရင်း၊ ရယ်မောကြရင်း၊ ထပ် ခိုးပေါ်မှာ ပန်းသီးတွေ ကို လိမ့်ကစားကြရင်း ...ပေ့ါ။ ဒီနေရာမှာ ကျွန်မတို့ရဲ့ ရတနာကို ထားပစ်ခဲ့မိ ကြတာပဲ"

ယိမ်းထိုးနေတဲ့ သူတို့ရဲ့ အလင်းရောင် က ကျုပ်မျက်လုံးတွေ အပေါ်က မျက်ခွံကို ဖွင့်လှစ် မတင်လိုက်တယ်။

"အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ"

အိမ်ကြီးရဲ့ နှလုံးခုန်သံ အရိုင်းဆန်ဆန်။

အိပ်ပျော်နေရာက နိုးလာပြီး ကျုပ်အော်ပြောလိုက်တယ်....

"အား...ဒါ ခင်ဗျားတို့ မြှုပ်နှံထားတဲ့ ရတနာပဲ မဟုတ်လား။ နှလုံးသားထဲက အလင်း ရောင် ပဲလေ"

# အရင်းနှီးဆုံးသူစိမ်းများ

The Others (Joyce Carol Oates)

မတော်တဆကြုံကြိုက်မှု တစ်ခုပင် ဖြစ်သည်။

ညနေ။

လူတွေ တရုန်းရုန်း၊ အဲသည်လူတွေ ထဲက အများ စု ကတော့ ပစ္စည်းအလိုက်ပေး၍ လဲလှယ် ကြသည့် စီးပွားရေး သမားများ ဖြစ်ကြ၏ ။ ထိုလူအုပ်ထဲမှာ သူမြင်လိုက်ရခြင်း ဖြစ်လေသည်။

မတော်တဆပါပဲ။

သူကလည်း ဒီနေ့ကျခါမှ လာနေကျလမ်းက မပြန်ဘဲ တခြားလမ်းက ပြန်မိလျက်သား ဖြစ် နေ၏ ။ သူ့အလုပ်ခန်းရှိရာ အဆောက်အအုံမှ အထွက်တွင် ယခင်က သူထွက်လေ့မရှိသော တံခါး ပေါက်မှ ထွက်လိုက်သော ကြောင့် ဖြစ်သည်။ (ရှေ့ခန်းမကြီး ပြုပြင်နေသည်ကို သတိရသွားပြီး)

အဲသည်လို အလောသုံးဆယ် လုပ်တတ်သည်ကကို ငယ်ငယ်ကတည်းက သူ့စရိုက် ဖြစ်၏ ။ သည်စရိုက်ကလည်းသူ့လုပ်ငန်းကို အထောက်အကူပြုပါသည်။

အဲသည်မှာ ပင် ထိုလူ့ကို သူမြင်တွေ့လိုက်ရခြင်း ဖြစ်သည်။

ဒီလူ့ကို သူမတွေ့ရသည်မှာ နှစ် ပေါင်းများ စွာ သို့မဟုတ် ဆယ်စုနှစ် ပေါင်းများစွာ ကြာခဲ့ပြီ၊ တစ်ချိန်က ရင်းရင်းနှီးနှီး နောက်ပြောင်ကျီစယ်နေခဲ့ဖူးသည်။ မျက်နှာတစ်ခုပင် ဖြစ်သည်။ သို့သော် အခုကျမှ ပြန်တွေ့လိုက်ရခြင်းကြောင့် ထူးဆန်းသလို ဖြစ်နေ၏ ။ ပြုကွဲဝါးမှု န်သွားပြီ ဖြစ်သော ဓာတ်ပုံ ဟောင်းတစ်ချပ်လိုပင် ဖြစ်သည်။

ထိုသူဝင်သွားရာ လမ်းကလေးထဲသို့ စပင့်လိုက်ဝင်ခဲ့၏ ။ စိုထိုင်းညစ်ပတ်နေသည့် ဆည်း ဆာထဲသို့ တိုးဝင်သွားလိုက်သည်။ သို့ သော် .. ထိုလူကို

စပင့်မမီလိုက်။ ထိုလူ ဝင်သွားသည့် လမ်း မဟုတ်ချေ။ ဒီလူ့ကို သူသိတာသေချာပါသည်။ ဒီလူကလည်း သူ့ကိုသိပါသည်။ သို့သော် ...သူ့ဘဝ မှာ ဒီလူ့ကို ဘယ်လို ဖြစ်ပြီး သိကျွမ်းခဲ့သည်ကိုလည်းကောင်း၊ ဘယ်အချိန်ကစပြီး ဘာကြောင့် ရင်းနှီးသွားခဲ့သည်ကိုလည်းကောင်း သူမပြောတတ်တော့ပါ။

စပင့်သည်ပင် အသက်လေးဆယ်နှစ် နှစ် ရှိပြီ ဖြစ်သည်။ ဟိုလူကလည်း သူနှင့်ရွယ်တူပင်။ သို့သော် ထူးဆန်းသည်က ထိုလူက ပို၍ အိုစာသလို ဖြစ်နေ၏ ။ အသားအရေကလည်း ညိုညစ် ညစ်ညစ်၊ ဘေးတိုက်မြင်ရသည့်မျက်နှာက ပိုးတဝါး၊ မသဲမကွဲ။ ကြည်လင်သော်လည်း သိပ်သည်း ဆများ သော ရေလိုမျိုး၊ ပစ္စည်းတစ်စုံတစ်ရာကို ထွင်းဖောက်၍ မြင်ရသလိုလို ဖြစ်နေသည်။ တွီစဖြင့် ချုပ်ထားသည့် အပေါ်အင်္ကျီ၊ အစင်းအစင်း တွေ ပါသော မီးခိုးရောင် ဘောင်းဘီရှည်ကို ဝတ်ထား၏ ။ အဝတ်အစားများ က အဆမတန်ကြီးမားပွရောင် နေသည့်နှယ်၊ ထိုသူ့ကိုယ်ခန္ဓာပေါ်တွင် တွဲ လောင်းကျနေသည်။

လမ်းကို ခြေလျင်ဖြတ်ကူးနေသည့် လူအုပ်ကြီးထဲတွင် ထိုလူပျောက်ကွယ်သွားသည်။ ဘယ်ကိုရောက်လို့ ရောက်သွားမှန်း အရိပ်အယောင်ပင်မပြတော့။

အိမ်ပြန်လာရာ လမ်းတစ်လျှောက် ရထားပေါ်တွင် တစ်ချိန်လုံးနီးပါး တခြားဘာအကြောင်း မှ မစဉ်းစားမိ။

အဲသည်လူဘယ်သူလဲ? ဒီလူက သူ့ကိုသိနေပြီးသားလို့ ဘာကြောင့် သေချာရတာ လဲ။? သူနဲ့ ဒီလူနဲ့ကြားမှာ တစ်စုံတစ်ရာရှိနေတာတော့ သချောသည်။ ပိုးတိုးဝါးတားပါပဲ။ ဒါပေမဲ့ သူတို့နှစ် ယောက် ကို အမွှာညီအစ်ကိုတွေ လို တူညီပူးင်နေစေတဲ့အချက်ပါပဲ။ ဘာပါလိမ့်?

တုန်လှုပ်ချောက်ချားစိတ်က သူ့ရင်ကို ဓားဖြင့် ဆောင့်ထိုးလိုက်သကဲ့သို့ ခံစားရသည်။ အသက်ပင် မရှူနိုင်၊ အားအင်တွေ ဆုတ်ယုတ်ပြတ်ကျသွား၏ ။

အဲသည်ညှ၊ သူနှင့် သူ့ဇနီးတို့ အိပ်ရာဝင်ဖို့ ပြင်နေကြစဉ်မှာ

သူပြောလိုက်မိသည်။ (သို့မဟုတ်) သူ့နှုတ်က စကားတစ်ခွန်းထွက်သွားသည်ကို သူပြန်ကြားလိုက်ရခြင်း ဖြစ်မည် ။ သူ့လေ သံက အကြောက်ကြောက် အရွံ့ရွံ့နံနဲ့မိုက်မဲသော အံ့ဩမှု မျိုး ပါနေ၏ ။

"ဒီနေ့ ငါ့အစ်ကိုဝမ်းကွဲ ဆင်ဒီနဲ့ တော် တော် တူတဲ့ လူ တစ်ယောက် နဲ့ တွေ့ခဲ့တယ်ကွ"

"ဆင်ဒီကို ကျွန်မသိလို့လား"

ဟု သူ့ဇနီးက မေးလိုက်သည်။

"ကောလိပ်မှာ တို့နှစ် ယောက် တက်ခဲ့ကြတုန်းက ရေနစ်ပြီး သေသွားတဲ့ ဆင်ဒီလေကွာ"

"ကျွန်မ သိလို့လား"

ဟု သူ့ဇနီးက ထပ်မေး၏ ။ ဘေးတိုက်လှည့်ကြည့်လိုက်သော သူမ၏ အကြည့်က စိတ်မ ရှည်ပုံပေါ်လွင်နေသည်။ ချိုရည်သော အပြုံးတစ်ပွင့်ပြုံးလိုက်ပုံက ထေ့သလိုလို ငေါ့သလိုလို။

"ကျွန်မမှ မမြင်ဖူးတာ၊ မျက်စိထဲ ဘယ်လိုမြင်ယောင်ကြည့်လို့ရမှာ လဲ၊ နောက်ပြီး သူသေ တာပဲ ကြာလှပြီဆို၊ ဘာ ဖြစ်လို့ ရှင်က ဒီလောက်တောင် ကယောင်ချောက်ချား ဖြစ်နေရတာ လဲ"

စပင့်ချွေးပြန်စပြုလာသည်။ နှလုံးခုန်သံပြင်းလာ၏ ။ အန္တရာယ်တွေ့နေသူ တစ်ယောက် ၏ တည်ငြိမ်ပုံမျိုးဖြင့် သူငြိမ်သက်နေမိလေသည်။

"မင်းပြောတာ ကိုယ်နားမလည်ဘူး"

"စကားလုံးတွေ ကို"

သူမ ရယ်မောလိုက်ပုံက ပြက်ချော်ချော် တစ်ခုခု သူပြောလိုက်မိသလိုလို သူမပြန်မဖြေပါ။ သူ လဲအိပ်ရင်း သူကအစ်ကိုဝမ်းကွဲ ဆင်ဒီအကြောင်း မစဉ်းစားမိအောင် ကြို

း စားသည်။ ဆင်ဒီကို သူမမြင်ရသည်မှာ နှစ် ပေါင်းနှစ် ဆယ်ရှိပြီး သူ့ကို နောက်ဆုံးမြင်ခဲ့ရသည်မှာ မင်နီဆိုးတားပြည်နယ်၊ ဒမတ်စတ်ရှိ အသုဘအိမ်မှ အဖုံးဖွင့်ထားသော ခေါင်းတလား တစ်လုံးထဲတွင် ဖြစ်သည်။

ဒုတိယအ ဖြစ်အပျက် ကတော့ နောက်ရက်သတ္တပတ် အနည်းငယ်အကြားမှာ ကြုံရခြင်း ဖြစ် သည်။ စပင့်က စာတိုက်တွင် တန်းစီနေသည်။ သူစာဝင်ဝင်ထည့်နေကျ စာတိုက်မဟုတ်။ အခြားမြို့ နယ်က စာတိုက် ဖြစ်၏ ။ အဲသည် မြို့ နယ်က ကြီးမားသလို ပိုပြီးမြို့ ဆန်၏ ။ လူနေပိုထူ ထပ်၏ ။ စာတိုက်ကလည်း အလုပ်လည်းပိုများ ၏

စပင့်တန်းစီနေခိုက် သူ့ရှေ့မှ အသက်ကြီးကြီး မိန်းမကြီး တစ်ယောက် ကို အာရုံစိုက်မိသွား သည်။ ဒီမိန်းမကြီးလည်း သူသိကျွမ်းရင်းနှီးခဲ့တဲ့ တစ်ယောက် ပဲ မဟုတ်ဘူးလား? ဟိုး... နှစ် ပေါင်း များ စွာ ကတည်းက သိကျွမ်းခဲ့ရသူ တစ်ယောက် ပေ့ါ။

ထိုမိန်းမကြီး၏ ချုပ်ရိုးရာတွေ လို အစင်းထနေသည့် အသားအရေး ကို ညို့ ယူခံသူလိုမျိုး သူ စိုက်ကြည့်နေမိသည်။ အဘွားကြီး၏ အရေပြားက တွန့်လိမ်နူးညံ့ပျော့ဖတ်ကာ ထူးဆန်းသော ပစ္စည်းအမျိုးအမည် တစ်ခုဖြင့် ပြုလုပ်ထားသည့် လက်အိတ်လိုမျိုး ခြောက်ကပ်နေ၏ ။ သဘာဝ မကျစွာ ဖြူရော်နေ၏ ။

အဘွားကြီး၏ မျက်လုံးများ က သေးငယ်ရှုံ့တွဝင်နေ၏ ။ သို့သော် တလက်လက် အရောင် ထွက်နေ၏ ။ သူမ၏ လက်များ က အရိုးငေါငေါ ဖြစ်နေသည့်တိုင် အံ့ဩစရာ ကောင်းလောက်အောင် နူးညံ့နေကြသည်။ ဒင်္ဂါဝိုင်းခန့်ရှိသော နီညိုရောင် အကွက်အကွက်များ ထနေသည်။ သို့သော် လက်ချောင်းများ တွင် လက်စွပ်များ ဝတ်ဆင်ထားသော ကြောင့် တစ်နည်းတစ်ဖုံ လှပသလို ဖြစ်နေ ၏ ။ စိတ်လှုပ်ရှားနေခြင်း ဖြစ်ဖို့ များ သည်။ အဘွားကြီးက အသက် (၉၀) တစ်ဝိုက်တော့ရှိရော့မည် ။ ပူပန်ကြောင့်ကြနေသည့်အသွင်မျိုး ပျာယီးပျာယာ ဖြစ်နေ၏ ။ သူမကိုယ်သူမ တဗျစ်တောက်တောက် ရေရွတ်နေသည်။ သူမအနီးက လူများ ကို မကျေမနပ် ရွေရွတ်နေတာလည်း ဖြစ်ချင် ဖြစ် မည် ပါလိမ့်မည် ။ သို့သော် သူမဟန်ပန်က မမြင်ရသော ပျားတွေ တဝီးဝီးအော်မြည် နေပုံမျိုး ခွန် အား တွေ ဖျိုးဖျိုးဖျစ်ဖျစ် မြည် ဟည်းကာ ကွဲထွက်တော့ မတတ်မြူး

ထူးနိုးကြားထက်သန်နေလေသည်။

သူဘယ်သူဘယ်ဝါ ဖြစ်မှန်းသိသည်ဟု သူ့ကိုယ်သူယုံ၏ ။ မစ္စရေယူတာ…။ သူငယ်ငယ် တုန်းက ကျောင်းဆရာမ ဖြစ်ခဲ့၏ ။ သူမကို မတွေ့ ရသည်မှာ နှစ် ပေါင်းများ စွာ ကြာပြီ။ တွက်ကြည့် ချင်စိတ်ပင် မရှိတော့…. ကြာလှပြီ။

အလွန်အမင်းအသက်ကြီးနေသည့်တိုင် မစ္စရေယူတာသည် သူမဘာသာသူ မသွားနိုင် လာနိုင်သေးပုံပေါ်သည်။ ငွေလို ပစ္စည်းတစ်မျိုးဖြင့် ပြုလုပ်ထားသည့် ဈေးဝယ်အိတ်ကြီးတစ်လုံး ကို လွယ်ထား၏ ။ ခြေထောက်နားမှာ လည်း နောက်ထပ် ပြောင်ပြောင်လက်လက် အိတ်တစ်လုံး ချထားသေးသည်။ အဘွားကြီးက ဟိုထဲနှိုက်လိုက်သည်ထဲနှိုက်လိုက်ဖြင့် သူမ ပိုက်ဆံအိတ်ကို လှန် လှောရှာဖွေနေသည်။ တွေ့ ပုံမပေါ်။

စာတိုက်စာရေး က အတင်းဆွဲဆန့်ထားရသော သည်းခံပုံမျိုးဖြင့် စောင့်နေသည်။ တန်းစီ နေသူများ က ခြောက်ယောက် လောက်ရှိနေပြီ။ ဒီအဘွားကြီးသည် (သူသိသော မစ္စရေယူတာ မှန်း သူချောသော ကြောင့် ဖြစ်သည်) စပင့်က အဘွားကြီးကို ကူညီရမလားဟု မေးလိုက်သည်။ သူက အဘွားကြီးကို နာမည် တပ်ပြီး မခေါ်လိုက်။ သူမက သူ့ဘက်လှည့်ကြည့်သည်။ ကျေးဇူးတင်သည့် အကြည့် ဖြစ်သည်။ စိတ်တိုနေပုံလည်းပေါ်၏ ။ အဘွားကြီးအကြည့်က သူ ဖြစ်စေသို့မဟုတ် အခြား တစ်ယောက် ယောက် ဖြစ်စေ မလွဲမသွေ လာကူကို ကူညီရမည် ဟု တပ်အပ်သနေသည့် အလား ဖြစ်သည်။

စပင့်က အဘွားကြီးအတွက် တံဆိပ်ခေါင်းဖိုးနှင့် စာပို့ခကို ပေးလိုက်သည်။ မစ္စရေယူတာ က အိတ်ထဲတွင် လှန်လှောရှာဖွေနေဆဲရှိသေး၏ ။ သူ့ကို မော့မကြည့်ဘဲ ကျေးဇူးတင်ပါတယ်ဟု လှမ်းပြောသည်။ သူမအသံက စိတ်အနှောင့်အယှက် ဖြစ်နေသည့်ဟန်၊ ရီဝေနေသည့်ဟန်။

အဘွားကြီးက ထိုပိုက်ဆံကို ကျေကျေနပ်နပ် ချေးငှားသည်ဟု သဘောထားဖို့ရန် အထပ် ထပ်ပြောနေသည်။ မေတ္တာဖြင့် အလကား ဝင်ပေးခြင်းကို

လက်မခံနိုင်သည့်သဘော။

“ကျွန်မ ခုထိတော့ သူများ ပေးစာ၊ ကမ်းစာစားနေရတဲ့သူများ မဟုတ်သေးတာ”

အဲသည်နောက်မှာ စပင့်က ရုတ်တရက် သတိရသွားသည်။ ဒီမိန်းမကြီးလွယ်လွန်ခဲ့ ပြီးပြီး ပဲ။ အဲသည့်အကြောင်းကို မရည်ရွယ်ဘဲ တွေ းမိသွားခြင်း ဖြစ်သည်။ နောက်တော့ သူ့စိတ်တွေ ပြောင်းဆန်သွားတော့သည်။

အဲသည်နောက်ပိုင် ထိုလူများ ကို အမြင်အတွေ ့ရ ပိုများ သည်။ ထိုသူတို့ကို “ဘဝခြားသူ များ ” ....ဟု သူ့စိတ်ထဲက အမည် ပေးထား၏ ။ လမ်းပေါ်မှာ ၊ စားသောက်ဆိုင်ထဲမှာ ၊ ဘုရားရှိခိုး ကျောင်းမှာ ၊ သူ့အလုပ်ခန်းရှိရာ အအောက်အအုံမှာ ၊ သူ့အလုပ်ခန်းရှိသည့်အထပ်မှာ ၊ သူ့အလုပ်ဌာ နမှာ သူ့ရုံးမှာ ...။

(သူက အမေရိကန်ရှိ စီးပွားရေး လုပ်ငန်းကြီးများ ထဲမှ တစ်ဦးအတွက် အကျ ုးဆောင်ပေးနေ ရသော အကြီမားဆုံးရှေ့နေ တစ်ယောက် ဖြစ်၏ ။ ဝင်ငွေကလည်း ကောင်းကောင်းရပါသည်။)

တစ်မနက်ခင်းတွင် အိပ်ခန်းပြတင်းပေါက်အနီးရပ်ကာ အပြင်လမ်းမဆီလှည့်ကြည့်နေသည့် စပင့်ကို သူ့ဇနီးက တွေ ့လိုက်ရသည်။ သူမက သူ့နံကြားကို ကျီစယ်သလို လက်ညှိုးဖြင့် ဆက်ခနဲ တို့လိုက်ရင်း...

“ဘာ ဖြစ်လို့လဲ”

ဟုမေးလိုက်၏ ။

“ရှင် အရင်ဒီလိုမဟုတ်ပါဘူး”

“ဟိုးအပြင်မှာ ...လူ တစ်ယောက် ကွ၊ တို့ဘက်ဆီ ကျောပေးလို့”

“ဘယ်သူမှ.. မရှိပါဘူး”

“သူ ....ကိုယ့်ကိုစောင့်နေတာထင်တယ်”

"အဲ..ဟုတ်တယ်၊ ကျွန်မတွေ့ပြီးပြီ"

သူ့ဇနီးက အမှုမဲ့အမှတ်မဲ့ပြောလိုက်သည်။

"အဲဒီ လူကို မကြာခဏ အဲသည်နားမှာ တွေ့နေကျပါ။ ရှင့်ကိုစောင့်နေတာ ဟုတ်မယ်မထင်ဘူး"

ကိုယ့်အချင်းအချင်းသာသိသော ပြက်လုံးတစ်ခုလိုမျိုး သူမရယ်မောလိုက်သည်။ သူမက မျက်နှာပေါ်တွင် မဲ့ခြောက်အနည်းငယ်ရှိသည်။ နှာခေါင်းက ပုတိုတို။

သူမကို သူလက်ထပ်ခဲ့သည်မှာ ကြာပါပြီ။ အဲသည် ကာလတစ်လျှောက်လုံး ချစ်ခြင်း မေတ္တာထဲမှာ သူနစ်မြုပ်မေ့မောနေခဲ့သည်ပင် ဖြစ်၏။ အခုတော့ သူလန့်နိုးလာခဲ့ပြီ။

စပင်က ပြောလိုက်သည်။ သူ့အသံက တုန်ခါနေ၏။

"ကိုယ်ထင်တယ်၊ ဟို...ကိုယ့်အာရုံကြောတွေ ဦးနှောက် ပျက်ကုန်ပြီလားလို့ အောက်မေ့ နေပြီး စိုးရိမ်နေတယ်။ ကိုယ်...အရမ်း၊ အရမ်းကြောက်တယ်ကွာ"

"ဟင့်အင်း"

သူ့ဇနီးက ပြောလိုက်၏။

"ရှင် မရူးပါဘူး ကျွန်မသိသမျှလူတွေ ထဲမှာ တော့ ရှင်က လူကောင်းပကတိ အဖြစ်ဆုံးပါပဲ နော်။ မျက်နှာတစ်ပြင်တစ်ခုလုံး အစုတ်အပြဲမရှိ။ အကွဲအအက်မရှိ စင်းလုံးချော"

စပင့်က သူမဘက်လှည့်ကြည့်လိုက်သည်။ သူ့မျက်ဝန်းများ ထဲတွင် မျက်ရည်တို့ဖြင့် ပြည့်နေ၏။

"နောက်မနေနဲ့၊ ဒါ...ဝမ်းနည်းရမှာ "

သူမဘာမှပြန်မပြော တိတ်နေသည်။ တစ်ရပ်တစ်ပါးသို့ လွင့်စဉ်ပျောက်ကွယ်ပြီဟုပင် အောက်မေ့ရသည်။ နောက်တော့.. သူ့ခါးကို သူမ၏ လက်အစုံက လာရောက်ပွေ့ဖက်ပြီး သူ့ပခုံး ပေါ် သူမခေါင်းကို မှေးတင်ထားလိုက်သည်။

ဘဝမှာ အရာရာကို လက်တွဲ မဖြုတ်စတမ်းရင်ဆိုင် မည့် ရဲဘော်ရဲဘက်ပီသသော အပြု အမူပင် ဖြစ်၏ ။ သူ့ကို တမင်ရွဲ့ပြီး လှောင်ပြောင်နေ သလား။ တကယ်ပဲလားတော့ စပင့်မပြောတတ်ချေ။

“ငါ စိုးရိမ်နေတာ အဲဒါပဲ”

“အင်း ရှင်ပြောပြီးသားပဲလေ”

“ငါ့ဦးနှောက်တော့ သွားပြီ ငါရူးတော့မယ်”

သူမ ခဏရပ်ပြီး လမ်းမဘက်ဆီချောင်းကြည့်နေ၏ ။ လမ်းပေါ်မှ အသက်ကြီးကြီးလူက နောက်ဘက်တစ်ချက် လှည့်ကြည့်လိုက်သည်။ အိပ်ခန်းကန့်လန့်ကာများ အကွယ်တွင် ရှိနေ သော သူတို့ဇနီးမောင်နှံကို ထိုလူမြင်မ သွားပါ။ မည် သူတစ်ဦး တစ်ယောက် ကိုမှလည်း တွေ့မ သွားပါချေ။ ထိုသူက အဝတ်အစားကို ကျကျနနဝတ်ထားပြီး လက်ထဲတွင် လည်း ထီးတစ်ချောင်းကို ကိုင်ထား ။ ထီးလား? ကြိမ်တုတ်တစ်ချောင်း ဖြစ်ဖို့များ ပါသည်။

စပင့်က ပြောလိုက်သည်။

“အဲဒီ လူတွေ ကို ငါပို...ပိုပြီး မြင်နေရဦးမှာ ကွ၊ အဲဒီ လူတွေ ..တကယ်ရှိမနေတဲ့လူတွေ ”

“ဟိုမှာ ရှိနေသားပဲရှင်”

“ငါဆိုလိုတာက သူတို့ဟာ သေဆုံးပြီး လူတွေ ၊ လူသေတွေ လို့ပြောတာ”

သူ့ဇနီးက နောက်သို့ဆုတ်သွားသည်။ ဘေးတိုက်ခပ်စောင်းစောင်းလှမ်းကြည့်၍ နားလည် ရခက်စွာ ပြုံးရင်း....

“ရှင့်ကို စိတ်ကယောင်ချောက်ချာ ဖြစ်အောင် လုပ်နေတာ ဒါကိုး”

“သူတို့ ဒီလောကမှာ မရှိဘူးဆိုတာ ငါက သိထားတော့”

“ဟိုလူက ဟောဟိုမှာ ရှိနေတာပဲ”

“အဲ့ဒါကြောင့် ငါရူးသွားတော့မယ် ပြောတာပေါ့။ စိတ်ကစဥ့်ကလျှား ရောဂါ တစ်မျိုးပါပဲ။ ချောက်အိပ်မက်တွေ ၊ ထင်ယောင်ထင်မှား တွေ ”

စပင့်က စိတ်လှုပ်ရှားစွာ ပြောနေမိ၏ ၊ သူဘာပြောလို့ ပြောနေမိမှန်းလည်း ရေရေရာရာမသိ။ သူ့ဇနီး သတိကြီးစွာ (သို့မဟုတ်) မနှစ် မြို့ စွာ သူနှင့် ဝေးရာသို့ ဆုတ်သွား၏

နှစ် သစ်ကူးနေ့ပြီး များ မကြာမီ တစ်မနက်ခင်းတွင် ဖြစ်သည်။ လေထုက ဓားသွားတစ် ချောင်းလို ထက်မြက်နေပြီး ကောင်းကင်ကလည်း ပြာလဲ့လွှင်နေသော ကြောင့် အဲသည်နေ့ မနက် ခင်းသည် မျက်ဝန်းတွေ ထဲသို့ ဝေဒနာမျက်ရည်စတွေ ဆောင်ကြဉ်းပေးလာသလို ဖြစ်နေလေ သည်။

စပင့်သည် သူ့အလုပ်ခန်းရှိရာသို့ သွားရန် မြေအောက်ရထားလမ်းထဲသို့ ဝင်လိုက်သည်။ မြို့ တော် ပလက်ဖောင်း လူသွားစင်္ကြံလမ်းများ အောက်ဘက်အလွှာသည် မြေအောက်မီးရထား လိုဏ်ခေါင်းပွွန်ပေါက်များ ဖြင့် ပြည့်နေသည့် ပျားအုံတစ်အုံပင် ဖြစ်သည်။ တချို့လမ်းများ က စိုထိုင်း ပြီး ပျက်စီးနေကြ၏ ။ အများ စု ကတော့ အခြေအနေကောင်းသေးသည်။ ရုံဖန်ရုံခါဆိုသလို အဖြူရောင် တောက်တောက် အုတ်ကြွတ်များ ဖြင့် ပြုလုပ်ထားသည့် စင်္ကြံလမ်းသည် လက်ဖြင့် တယုတ ယပွတ်သပ်အရောင် တင်ထားပုံမျိုးပေါ်နေ၏ ။

စပင့်က အပေးလမ်းမှ သွားရသည်ကို ပိုကြိုက်၏ ။ တစ်နည်းအားဖြင့် အပေါ်လမ်းမှ သွားရ သည်ကို သူပိုကြိုက်သင့်ည်ဟု သူ့ဘာသာသူ ယုံကြည်နေမိ၏ ။ ဘာကြောင့်မှန်းတော့ မပြောတတ်။ အကြောင်းပြချက်က ဝိုးတိုးဝါးတား။ ဒါမှမဟုတ် ရှေးရိုးသိပ်ဆန်နေတာလည်း ဖြစ်ချင် ဖြစ်မည် ။ သို့ သော် ရာသီဥတုက ဆိုးဝါးနေသော ကြောင့် မြေအောက်လမ်းမှပင် သွားမှ ဖြစ်တော့မည် ဟု သူဆုံး ဖြတ်လိုက်၏ ။

သူက လမ်းပျောက်မှာ တစ်ခုပဲစိုးသည်။ မကြာခဏလည်း

လမ်းပျောက်ခဲ့ဖူးခြင်းကြောင့် ဖြစ် ၏ ။

(အင်းလေ လမ်းပျောက်သွားဦးတော့၊ လေးကားတစ်ခုခု ဒါမှမဟုတ် ဓာတ်လှေကားတစ် စင်းစင်းနဲ့ မြေပေါ်ကို ပြန်တက်လို့ရတာ ပဲ။ သိပ်တော့ ကြာကြာလမ်းပျောက်နေစရာ အကြောင်း မရှိပါ)

အဲသည်နေ့ နံနက်ကျခါမှ မြေအောက်လမ်းတွေ က ခါတိုင်းထက်ပိုပြီး လူပြည့်ကျပ်နေ၏ ။ အဘိုးကြီးတွေ ၊ အဘွားကြီးတွေ က အများ စု ဖြစ်သည်။ ဟိုနေရာ၊ သည်နေရာတွေ မှာ လူငယ်တစ် ယောက် တစ်လေကိုလည်း မြင်ရ၏ ။ သူတို့အသွင်တွေ က တုန်လှုပ်ချောက်ခြားနေပုံမျိုး သဘာဝမ ကျ ချွတ်ချော်နေသည်ဟု ခံစားရ၏ ။ ဟိုနားသည်နားတင်ပို၍ တုန်လှုပ်ချောက်ချားနေသည့် ကလေးငယ် တစ်ယောက် စ၊ နှစ်ယောက် စတို့၏ မျက်နှာတွေ ကိုပါ မြင်ရသည်။ အဲသည် မျက်နှာ တွေ ထဲမှ လျှ ့ဝှက်ဆန်းကြယ်ပြီး ကြောက်စရာကောင်းသည့် ရင်းနှီးမှု မျိုးဖြင့် တစ်ချိန်က သူသိကျွမ်းခဲ့သော မျက်နှာတွေ လည်းပါသည်။ သူအနေရအထိုင်ရခက်လာ၏ ။

သူစိတ်ခိုင်ခိုင်ထားပြီး လျှစ်လျူရှုပစ်လိုက်၏ ။

မကြာခင်မှာ ပင် လူအုပ်ထဲမှာ သူ့ခြေလှမ်းတွေ ရောပါသွားတော့သည်။ လူအုပ်ကြီး၏ ခြေ လှမ်းရွေ့ပုံအတိုင်း သူလိုက်ပြီး ခြေထောက်ကို ရွေ့နေ၏ ။ လူကြီး၏ ခြေလှမ်းတွေ က ပုံမမှန်။ လှိုင်း တွေ လို တလိမ့်လိမ့်တရွေ့ရွေ့၊ လမ်းကြောင်းဖြောင့်သော နေရာများ ၊ လမ်းကွေ့နေရာများ တွင် နေး သွားကြသည်။ ဒီရေတစ်ခုလိုမျိုး လိုက်ပါစီးမျောရသည် သူသဘောကျသလို ဖြစ်လာသည်။

သဲဆန်ခါမှန်ကူကွက်တွေ တပ်ထားရာ မြင်နေကျ လမ်းကြောင်းမှ တစ်ဆင့် သားသားနား နား တောက်ပလင်းထိန်နေသည့် နောက်ထပ်မြေအောက်လမ်းတစ်ခုထဲသို့ ရောက်လာကြသည်။ ထို့နောက် တစ်မျိုးထပ်ပြီး ဆိုးဆိုးရွားရွားပျက်စီးနေသည့် လမ်းတစ်ခုထဲ ရောက်သွားကြပြန်သည်။

အဲသည်လမ်း ပျက်စီးနေလိုက်ပုံက အလုပ်သမားတွေ တစ်နေ့လုံး

တစ်ညလုံးမြေအောက် မှာ ၂၄ နာရီအပြည့်ပြင်ဖို့ လိုအပ်နေသည့်အထိ။

အလျင်အမြန် ရွေ့လျားနေရင်းက တုထုသံမျိုး နားပင်သွားစေနိုင်လောက်သည့် လေထုတ တုန်ခါသံကို ဖြတ်သန်းလာရသည်။ စပင့်သည် သူမသိသော မြေအောက်နောက်တစ်ထပ်သို့ လှေ ကားတစ်များ ပေါ်မှ ဆင်းသွားနေရကြောင်း တွေ့လာရ၏ ။

နွေးထွေးသော နေရာတစ်ခုပင် ဖြစ်သည်။ ပျားတွေ လို တဝီဝီမြည် သံတွေလည်း ကြားနေရ၏ ။ စကားပြောသံတွေ လိုမျိုးပင်။ သို့သော် သူနှင့် အတူလမ်းလျှောက်နေသည့် အုပ်စုထဲမှ အုပ်စုထဲမှ မည် သူမှုစကားပြောနေခြင်းမရှိ။

သူတို့ဘယ်ကိုသွားနေကြတာလဲ? ဒီလောက်လူတွေ အများ ကြီး၊ ဆုံရပ်တစ်ခုဆည်းဆီသို့ ဦးတည်?

ဒီရေလှိုင်းလုံးကြီးထဲမှာ သူ တစ်ယောက် ၊ ငါ တစ်ယောက် ဆိုသည်မှာ မရှိတော့ အားလုံး သည် တစ်ယောက် တည်း၊ တစ်စုတည်းလိုလိုပင် ဖြစ်သွားသည်။ ဟိုနားသည်နားဆိုသလို စိတ်ပျက် စရာခေါင်းစဉ်တစ်ခု အောက်ရောက်နေသလိုမျိုးဖြူဖတ်ဖြူ ရော်မျက်နှာနှင့် ဖျတ်ခနဲလှမ်းကြည့် တတ်သော မျက်လုံးများ ကိုလည်း မြင်ရသည်။

သူတို့နှင့် အတူ ရောလိုက်လာရင်း သူ့မှာ အင်အားသတ္တိရှိလာသလိုစပင့်ခံစားနားလည်ရ လေသည်။